# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကမ်းတစ်ဖက်သို့ ရောက်ကုန်**

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒိစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၈၆)


၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၂၃ ရက်၊ သောကြာနေ့ အတွဲ (၆၅)၊ မှတ်(၁၁၅)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံး၊ Army Operation Center ၊ Neighboring Countries Coordination Center (NCCC)ဌာန၏ အကြီးအကဲ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၂**

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံး၊ Army Operation Center၊ Neighboring Countries Coordination Center (NCCC) ဌာန၏ အကြီးအကဲ General Direk Bongkarn ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံး၊ Army Operation Center ၊ Neighboring Countries Coordination Center (NCCC)ဌာန၏ အကြီးအကဲ General Direk Bongkarn ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ညွှန့်ဝင်းဆွေနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံး၊ (NCCC)ဌာန၏ အကြီးအကဲနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်ကြည်းတပ်စစ်သံမှူး Senior Colonel Pongphan Puttha နှင့် ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံးနှင့် (NCCC)ဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံတပ်မတော် အကြီးအကဲများ၏ ဦးဆောင်မှုဖြင့် တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးကောင်းမွန်လျက်ရှိပြီး ချစ်ကြည်ရင်းနှီးမှုများ *စာမျက်နှာ ၃ ကော်လံ ၁* ◆




◆ *ရှေ့ဖုံးမှ*

တိုးတက်လျက်ရှိသည့် အခြေအနေများနှင့် ရေရှည်တည်တံ့ခိုင်မြဲအောင် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများ၊ နှစ်နိုင်ငံအကြား သဘောတူညီချက်များအား ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည့် အခြေအနေများနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်နေစေရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည့် အခြေအနေများ၊ နှစ်နိုင်ငံကုန်သွယ်မှု၊ ကုန်စည်စီးဆင်းမှုများ ပြန်လည်ကောင်းမွန်ရေးအတွက် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးကို နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်နှစ်ရပ်အကြား ပူးပေါင်း၍ ထိန်းသိမ်းဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့် နယ်စပ်ဒေသများတွင် တရားမဝင်ကုန်သွယ်မှုများနှင့် တရားမဝင်လုပ်ငန်းများ လုပ်ကိုင်မှုမရှိစေရေး ထိန်းသိမ်းဆောင်ရွက်သွားရန် လိုအပ်သည့်အခြေအနေများ၊ မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ တစ်ကျော့ပြန်မပေါ်ပေါက်လာစေရေးနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများနှင့် နှစ်နိုင်ငံသတင်းအချက်အလက်များ ဖလှယ်ခြင်းများအပါအဝင် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံတွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအပိုင်း(၁) နှင့်အပိုင်း(၂)ကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည့် အခြေအနေများနှင့် လာမည့်ဇန်နဝါရီ ၂၅ ရက်နေ့တွင် အပိုင်း(၃)ကို ဆက်လက်ကျင်းပသွားမည်ဖြစ်သည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံး၊ Army Operation Center ၊ Neighboring Countries Coordination Center (NCCC) ဌာန၏ အကြီးအကဲ General Direk Bongkarn တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံး၊ (NCCC) ဌာန၏ အကြီးအကဲတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**❝နှစ်နိုင်ငံကုန်သွယ်မှု၊ ကုန်စည်စီးဆင်းမှုများ ပြန်လည်ကောင်းမွန်ရေးအတွက် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးကို နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်နှစ်ရပ်အကြား ပူးပေါင်း၍ ထိန်းသိမ်းဆောင်ရွက်သွားနိုင်မည့်အခြေအနေများနှင့် နယ်စပ်ဒေသများတွင် တရားမဝင်ကုန်သွယ်မှုများနှင့် တရားမဝင်လုပ်ငန်းများ လုပ်ကိုင်မှုမရှိစေရေး ထိန်းသိမ်းဆောင်ရွက်သွားရန် လိုအပ်သည့်အခြေအနေများ၊ မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ တစ်ကျော့ပြန် မပေါ်ပေါက်လာစေရေးနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေး❞**

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန် သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၂**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန် သံအမတ်ကြီး မစ္စတာတာရိခ်ကာရီးမ် အား ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်





# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၂**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် EV Power Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BYD E2 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Golden Mandalar Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BYD E2 နှင့် BYD Seal အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Myanmar Arr Thit Man Motor Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Changan Eado နှင့် Changan Deepal S07 အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်သူလူထုသို့ အသိပေးနှိုးဆော်ချက်

ICJ ကြားနာပွဲတွင် မြန်မာနိုင်ငံကိုယ်စား သွားရောက်ဖြေရှင်းနေသည့် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဦးဆောင်သော Agent of Myanmar အဖွဲ့အား ပြည်သူတစ်ရပ်လုံးအနေဖြင့် အားပေးထောက်ခံလျက်ရှိသည်ကို ဝမ်းသာဂုဏ်ယူဖွယ် မြင်တွေ့ရပါသည်။

အဖွဲ့အစည်းအသီးသီးမှ လူမှုကွန်ရက်ပေါ်တွင် ထောက်ခံအားပေးသည့် Post များ ရေးသားခြင်း၊ ထုတ်ပြန်ချက်များ ထုတ်ပြန်ခြင်း၊ မြေပြင်ထောက်ခံပွဲများ ပြုလုပ်ခြင်းများကို မည်သူ့တိုက်တွန်းချက်မှမပါဘဲ အားတက်သရော လုပ်ဆောင်နေကြသည်ကို လေးစားဂုဏ်ယူဖွယ် အသိအမှတ်ပြုပါသည်။

သို့ရာတွင် Agent of Myanmar အဖွဲ့အနေဖြင့် နိုင်ငံတကာဥပဒေများနှင့်အညီ တရားရင်ဆိုင်ဆဲကာလဖြစ်သဖြင့် အားပေးထောက်ခံမှုများအား လူမှုကွန်ရက်ပေါ်တွင်လည်းကောင်း၊ အဖွဲ့အစည်းများမှ မြို့/ရွာအသီးသီးတွင်ထောက်ခံပွဲများ ပြုလုပ်ရာတွင်လည်းကောင်း အောက်ပါအချက်များအား အထူးသတိပြုလိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်-

(၁) ICJ တရားရုံးနှင့် တရားသူကြီးများအား ဝေဖန်ပုတ်ခတ်ခြင်း၊ ဖိအားပေးသည့်သဘော ရေးသားပြောဆိုခြင်းများ လုံးဝမပြုလုပ်ကြပါရန်။

(၂) လူမျိုးရေးခွဲခြားသည့် အသုံးအနှုန်းများ ရေးသားပြောဆိုခြင်း၊ လက်ကိုင်ဆိုင်းဘုတ် ပြုလုပ်ခြင်းများ မပြုလုပ်ကြပါရန်။

(၃) တိုင်းရင်းသားအမျိုးအမည်တွင် မပါဝင်သည့်၊ တိုင်းရင်းသားအဖြစ် မသတ်မှတ်ထားသည့် လူမျိုးအမည်အား သုံးစွဲပြီး ထိုအမည်အား အမုန်းစကား (Hate Speech) များ မပြုလုပ်ကြပါရန်။

(၄) Agent of Myanmar အဖွဲ့အနေဖြင့် နိုင်ငံတကာဥပဒေများနှင့် အညီ သက်သေအထောက်အထား ခိုင်လုံစွာဖြင့် တရားရုံးတွင် ရင်ဆိုင်ဖြေရှင်းနေကြောင်းကိုသာ ထောက်ခံရေးသား ပြောဆိုကြပါရန်။

**သတင်းအဖွဲ့**

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ငလျင်ဒဏ်သင့် အနီးရောင်အဆင့် ဝန်ထမ်းအိမ်ရာများနှင့် အဆောက်အအုံများပြုပြင်ရန် အားဖြည့် Retrofit Design နှင့် လိုက်နာဆောင်ရွက်ရမည့်နည်းစနစ်ဆိုင်ရာ Knowledge Sharing ဆွေးနွေးပွဲ တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၂၂**

ငလျင်ဒဏ်သင့် အနီးရောင်အဆင့် ဝန်ထမ်းအိမ်ရာများနှင့် အဆောက်အအုံများ ပြုပြင်ရန်အားဖြည့် Retrofit Design နှင့် လိုက်နာဆောင်ရွက်ရမည့် နည်းစနစ်ဆိုင်ရာ Knowledge Sharing ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁၁) စုဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

နည်းပညာဆွေးနွေးပွဲသို့ အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီတွင် အဖွဲ့ဝင်အဖြစ်ပါဝင်သော ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံ လိုင်စင်ရ ကန်ထရိုက်တာများအသင်းချုပ်၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်နှင့် မြန်မာမြို့ပြနှင့် အခြေခံအဆောက်အဦ ဖွံ့ဖြိုးရေးအသင်းတို့မှတာဝန်ရှိသူများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦအထူးအဖွဲ့များမှ အင်ဂျင်နီယာများ၊ မြေပြင်တွင် အဆောက်အအုံပြုပြင်ခြင်းနှင့် အသစ်တည်ဆောက်နေသည့် တည်ဆောက်ရေးကုမ္ပဏီများမှ အင်ဂျင်နီယာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးက ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့ရသော အဆောက်အအုံများ ပြန်လည်ပြုပြင်ရာတွင် ပျက်စီးမှုအဆင့်အလိုက် အပြာရောင်၊ လိမ္မော်ရောင်နှင့် အနီရောင်အဆင့် ခွဲခြားသတ်မှတ်၍ အဆင့်အလိုက် ပြင်ဆင်ဆောင်ရွက်ရန် စီမံဆောင်ရွက်ခဲ့ပါကြောင်း၊ ပျက်စီးမှုအမျိုးအစားအလိုက် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ် (Standard Operation Procedure–SOP)များကို မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်နှင့် အင်ဂျင်နီယာကဏ္ဍအသီးသီးမှ ကျွမ်းကျင်ပညာရှင်များ ပါဝင်သောအဖွဲ့များဖြင့် စုပေါင်းပြုစု၍ ဖြန့်ဝေထားပြီးဖြစ်၍ မြေပြင်တွင် ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေသော ကုမ္ပဏီများမှ ပြင်ဆင်ခြင်းအပိုင်းတွင် လည်းကောင်း၊ သက်ဆိုင်သောဌာနများက ကြီးကြပ်မှုအပိုင်းတွင် လည်းကောင်း တိတိကျကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

အနီရောင်အဆင့် သတ်မှတ်ထားသော အဆောက်အအုံများအား ပြုပြင်ရာတွင် နည်းပညာအသုံးပြု၍ ပြင်ဆင်ရသည့် အဆင့်ဖြစ်သောကြောင့် သက်ဆိုင်ရာကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ အသိအမှတ်ပြုလက်မှတ်ရရှိပြီးသော Professional Engineer (PE)များ၊ Register Senior Engineer (RSE)များမှ တာဝန်ခံ၍ စနစ်တကျ ပြုပြင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ပြင်ဆင်လျက်ရှိသော လိမ္မော်ရောင်အဆင့်နှင့် အနီရောင်အဆင့် အဆောက်အအုံများကို သတ်မှတ်ကာလထက် ဆောလျင်စွာပြီးစီးစေရေး တာဝန်ရှိသူများက လိုအပ်သော ပံ့ပိုးမှုများပေါင်းစပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ယနေ့ဆွေးနွေးပွဲမှ အနီရောင်အဆင့် ဝန်ထမ်းအိမ်ရာများ ပြုပြင်ရန်အတွက် အားဖြည့် Retrofit Design နှင့် လိုက်နာဆောင်ရွက်ရမည့် နည်းစနစ်များ၊ ဖြေရှင်းဆောင်ရွက်ရမည့် အခက်အခဲများကိုသိရှိကြပြီး လက်တွေ့မြေပြင်တွင် အဆောက်အအုံများကို ပြန်လည်ပြုပြင်ခြင်းနှင့် အသစ်ပြန်လည်တည်ဆောက်ရာ၌ အကောင်းဆုံးနည်းလမ်းများ အသုံးချ ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်မှ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးစန်းကြူက "ငလျင်ဒဏ်သင့် အနီရောင်အဆင့် ဝန်ထမ်းအိမ်ရာများ ပြုပြင်ရန် အားဖြည့် Retrofit Design နှင့် ပြုပြင်ရမည့်နည်းစနစ်များ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အဆောက်အဦဦးစီးဌာနမှ အင်ဂျင်နီယာချုပ် ဦးဝေဖြိုးလင်း က " ငလျင်ဒဏ်သင့် အနီရောင်အဆင့် နှစ်ခန်းတွဲ(နှစ်ထပ်) ဝန်ထမ်းအိမ်ရာ 2 Unit 2 Storey များ ပြုပြင်ရန် အားဖြည့် Retrofit Design နှင့် ပြုပြင်ရမည့်နည်းစနစ်များ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Myanmar Fuso Technology Co.,Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးပြည့်စုံဟိန်းက "High Pressure Welding ဖြင့် ငလျင်ဒဏ်ကာကွယ်နိုင်သည့် သံချောင်းဆက်ဂျပန်နည်းပညာ" နှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

ထို့နောက် နည်းပညာဆွေးနွေးပွဲသို့ တက်ရောက်လာသည့် အင်ဂျင်နီယာများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး အင်ဂျင်နီယာပညာရှင်များက ပြန်လည် ဖြေကြားကာ အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**





# စစ်တွေမြို့တည် နှစ်(၂၀၀)ပြည့် အထိမ်းအမှတ်ပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပ

**စစ်တွေ ဇန်နဝါရီ ၂၂**

စစ်တွေမြို့တည် နှစ်(၂၀၀)ပြည့် အထိမ်းအမှတ်ပွဲတော် ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ဝက်ဘာကွင်း၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ဇနီး၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကျော်စွာဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ပွဲတော်ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ အနုပညာရှင်များ၊ မြို့မိ မြို့ဖများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးနှင့်အဖွဲ့သည် အတုလမာရဇိန် ပြည်လုံးချမ်းသာ ဘုရားအား ပန်း၊ ဆီမီး၊ ရေချမ်းများ ကပ်လှူပူဇော်ကာ ထေရ်ကြီးဝါကြီးဆရာတော်ကြီးများနှင့် ပင့်သံဃာများအား နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်တွေမြို့တည် နှစ်(၂၀၀)ပြည့် အထိမ်းအမှတ်ပွဲတော် မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ယင်းနောက် သာဂီမဏ္ဍိုင် ရခိုင်ရိုးရာယဉ်ကျေးမှုဖော်ထုတ်ရေးအဖွဲ့က စစ်တွေမြို့တည် နှစ်(၂၀၀)ပြည့် အထိမ်းအမှတ် "ပိုဒ်စုရတု"ဖြင့်သီဆိုကာ ရခိုင်မင်္ဂလာစည်တော်တီး၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြပြီး အနုပညာရှင်များက "ငါရို့ချစ်တယ် မြို့စစ်တွေ" သီချင်းဖြင့်လည်းကောင်း၊ သာဂီမဏ္ဍိုင် ရခိုင်ရိုးရာယဉ်ကျေးမှု ဖော်ထုတ်ရေးအဖွဲ့က "စစ်တွေမြို့တည် နှစ်(၂၀၀)ပြည့် အထိမ်းအမှတ်" သီချင်းဖြင့်လည်းကောင်း သီဆိုဖျော်ဖြေကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး စစ်တွေမြို့တည် နှစ်(၂၀၀) ပြည့် အထိမ်းအမှတ် အမျိုးသားအလွတ်တန်း မီနီမာရသွန်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီးက အမျိုးသမီးအလွတ်တန်း မီနီမာရသွန်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများကိုလည်းကောင်း၊ တိုင်းမှူးက အထက်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိကြသူများကို လည်းကောင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပွဲတော်ဖြစ်မြောက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌတို့က အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိကြသူများကိုလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပွဲတော်ဖြစ်မြောက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး သာဂီမဏ္ဍိုင် ရခိုင်ရိုးရာယဉ်ကျေးမှု ဖော်ထုတ်ရေးအဖွဲ့က ရခိုင်ရိုးရာ အိုးစည်ယိမ်းအကဖြင့် ဖျော်ဖြေကြသည်။

အခမ်းအနားအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် နှစ်(၂၀၀) ပြည့် အထိမ်းအမှတ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ပြခန်းနှင့် ရှေးဟောင်းအမှတ်တရနှင့် ကဗျာ၊ ကာတွန်းပြခန်း၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနပြခန်း၊ ပန်းချီ အနုပညာပြခန်း၊ အမှတ်တရပစ္စည်း အရောင်းပြခန်းတို့ကို လှည့်လည်ကြည့်ရှုအားပေးကြပြီး အခမ်းအနားသို့ ကြွရောက်ချီးမြှင့်သည့် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ် လှူဒါန်းခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၂**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ်စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၂၄-၁-၂၀၂၆ရက်(စနေနေ့)တွင်ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၈)၊ အမှတ် (၄) တွင် လူငယ်များအားလုံးထဲမှ ရိုးသားသောမောင်ရှုပအကြောင်း သရုပ်ဖော်ထားသည့် "အိုးဗလာ" မျက်နှာဖုံးကာတွန်း၊ ပြုံးခြင်း၊ ရယ်မောခြင်းသည် ကျန်းမာအသက်ရှည်နုပျိုစေနိုင်သည့် အကြောင်းရင်းများထဲက တစ်ခုဖြစ်ကြောင်း ရေးသားထားသည့် "ပြုံးရယ်ခြင်းနဲ့ ကျန်းမာရေး" သုတဆောင်းပါးကဏ္ဍ၊ ကလေးတို့ကိုယ်တိုင် ရေးဆွဲထားသည့် ပန်းချီလက်ရာများကို တင်ဆက်ထားသည့် "ရွှေသွေးတို့လက်ရာ" ကဏ္ဍ၊ မိမိ မကျွမ်းကျင်သောအလုပ်ကို မဆင်မခြင်ပြုလုပ်မိရာက သေဘေးဖြင့် ကြုံတွေ့ရသော ကျီးဖိုအကြောင်း သရုပ်ဖော်ထားသည့် "ကျွမ်းကျင်ရာ" နှစ်မျက်နှာကာတွန်း၊ မိမိ၏ကျန်းမာရေးကို အန္တရာယ်ဖြစ်စေနိုင်သည့် မုန့်ပဲသရေစာများကို မစားမိရန် သတိပြုရှောင်ကြဉ်ရမည်ဖြစ်ကြောင်း ဖတ်ရှုရမည့် "အန္တရာယ်မုန့်များ ရှောင်စို့လား" ဝတ္ထုကဏ္ဍ၊ ကျောင်းတွင်စာတော်ပြီး အိမ်တွင်စာမရသည့် ဟန်သီမ၏ ဟာသဖြစ်ဖွယ် ဖြေရှင်းချက်ကို သရုပ်ဖော်ထားသည့် "ဟန်သီမ" တစ်မျက်နှာကာတွန်း၊ အထူးသတိပြုဖွယ် မီးဘေးအန္တရာယ်အကြောင်းရေးဖွဲ့ထားသည့် ဆရာမင်းရွှေမိုး၏ "မီးသတိပြု" ကဗျာကဏ္ဍအပါအဝင် အင်္ဂလိပ်စာကဏ္ဍ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ပြီး တစ်စောင်လျှင် တန်ဖိုးငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။ **သတင်းစဉ်**




**၂၂ - ၁ - ၂၀၂၆ ရက်နေ့**
**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး**
**(Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ် / ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ (၆၀၀၀၀၀၀) ကျပ် ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

# (၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ (၁၈)ပါးမြောက် တိပိဋကဓရ တိပိဋကကောဝိဒ သာသနဝံ့အာဇာနည်အရှင်မြတ်တစ်ပါး ပေါ်ထွန်းတော်မူခြင်း

**နေပြည်တော် ဇန်နဝါရီ ၂၂**

(၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၂ ရက်အထိ ၃၃ ရက်တိုင်တိုင် အောင်မြင်စွာ ကျင်းပဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်သည်။

(၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးတွင် အရှင်ဝိစိတ္တသာရ၊ သက်တော် ၅၁ နှစ်၊ သိက္ခာ ၃၁ ဝါ၊ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသည် တိပိဋကဓရ တိပိဋကကောဝိဒ (၁၈)ပါးမြောက် သာသနဝံ့အာဇာနည် ဆရာတော်အဖြစ် ပေါ်ထွန်းတော်မူခဲ့သည်။

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို ၁၃၁၀ ပြည့်နှစ်(၁၉၄၈ ခုနှစ်)တွင် စတင်ကျင်းပခဲ့ရာ ယခုအချိန်အထိ (၇၈)ကြိမ်မြောက် ကျင်းပခဲ့ပြီးဖြစ်သည်။ ပထမအကြိမ်မှ (၇၇)ကြိမ်အထိ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော် (၁၇)ပါး ပေါ်ထွန်းခဲ့ပြီး (၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် (၁၇)ပါးမြောက် တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော် ပေါ်ထွန်းခဲ့ပြီးနောက် နှစ်မခြားဘဲ ယခုနှစ် ၁၃၈၇ ခုနှစ် (၂၀၂၆ ခုနှစ်) (၇၈) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် (၁၈)ပါးမြောက်အဖြစ် တိပိဋကဓရ တိပိဋက ကောဝိဒ ဆရာတော်တစ်ပါး ထပ်မံပေါ်ထွန်းလာခဲ့ခြင်းဖြစ်သည်။

တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲကြီးတွင် ဝိနယပိဋက၊ ဝိနည်းပထမပိုင်း နှစ်ကျမ်း၊ ဝိနယပိဋက ဝိနည်းဒုတိယပိုင်း သုံးကျမ်း၊ သုတ္တန္တပိဋက ဒီဃနိကာယ်သုံးကျမ်း၊ အဘိဓမ္မပိဋက အဘိဓမ္မာ ပထမပိုင်း ငါးကျမ်းနှင့် အဘိဓမ္မပိဋက အဘိဓမ္မာဒုတိယပိုင်း နှစ်ကျမ်း တို့ကို "တိပိဋကဓရ" ဘွဲ့အတွက် အာဂုံပြန်ဆိုရပြီး "တိပိဋကကောဝိဒ" ဘွဲ့အတွက် သဘောရေးဖြေစာမေးပွဲဖြေဆိုရကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**


# ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်မှ အဘိဓမ္မကောဝိဒဘွဲ့နှင့် တိပိဋကဓရ၊ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ကိုခံယူတော်မူမည့် အရှင်ဝိစိတ္တသာရ (ဒီပဲယင်းတိပိဋကဆရာတော်)၏ ထေရုပ္ပတ္တိအကျဉ်း

### ဖွားရာဇာတိနှင့်ဖွားသက္ကရာဇ်

အရှင်ဝိစိတ္တသာရသည် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် ဝန်းရံကျေးရွာ ခမည်းတော် ဦးဌေး+ မယ်တော် ဒေါ်ကြင်နီတို့မှ ၁၃၃၆ ခုနှစ် ကဆုန်လပြည့်ကျော်(၁၀)ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

### ဥပသမ္ပဒမင်္ဂလာ

အရှင်ဝိစိတ္တသာရသည် ၁၃၅၆ ခုနှစ် တန်ဆောင်မုန်းလဆန်း (၈)ရက်နေ့တွင် ရေဦးမြို့နယ်၊ တင်းတိန်ရုံဈေး၊ ဓမ္မိကာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကေသရိန္ဒာဘိဝံသကို ဥပဇ္ဈာယ်ပြုလျက် ဦးဌေးသောင် + ဒေါ်တင်စုမိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပြီး ကျေးဇူးရှင် မိဘနှစ်ပါး မိသားစု၊ ဦးအောင်ဌေး + ဒေါ်လေးနီ မိသားစု၊ နောင်ချိုမြို့နေ ဒေါက်တာ မြင့်ကြွယ် + ဒေါ်အေးအေးသိန်း မိသားစု၊ ဒေါ်မူမူစန်း၊ ဒေါ်ကြူကြူသန်း (ရွှေမင်းသမီးရှော့ပင်းစင်တာ) မိသားစု၊ ပြည်မြို့၊ ဦးစန်းမြင့်+ဒေါ်အေးပိုမိသားစု၊ သုံးခွမြို့၊ ဦးတင်ဝင်း+အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ကြည်(ဆန်းကိုကိုဘီစကစ်) မိသားစု၊ ရန်ကုန်မြို့ ဦးလွင်မြင့်+ဒေါ်ရီရီထွေး မိသားစု၊ မိုးကုတ်မြို့ ပန်းမရပ်နေ ကိုလှမျိုးသန့်+မဥမ္မာချို (ရွှေသရဖူ)မိသားစု၊ သုဝဏ္ဏ၊ ဦးအောင်ဆန်းဝင်း+ ဒေါ်စန်းယုမော် (ဆန်းကိုကိုဘီစကစ်) မိသားစု၊ ရန်ကုန်မြို့ ဦးသန်းကျော်ထူး + ဒေါ်သက်ထားတင် (ငွေကံ့ကော်ရွှေဆိုင်) မိသားစု၊ နေပြည်တော် ဦးကြင်စိန် + အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နီနီအေး၊ ကိုဂင်ထက်နိုင် + သမီး မမော်လီလင်း (တဖထရေးဒင်းကုမ္ပဏီ) လမ်းမတော်မြို့၊ ဦးမိန်တက်+ ဒေါ်သန်းသန်းမော် (မေလင်းအင်ဂျင်းသရီး ဂိုးစတားကုမ္ပဏီ) မိသားစု၊ ရန်ကုန်မြို့ ဦးဆင်ကျော်+ ဒေါ်ခင်မျိုးကြွေ မိသားစု၊ ယုဇနဥယျာဉ်မြို့တော် ဦးမောင်ကျေး+ ဒေါ်ချိုချိုပြုံး မိသားစု၊ တာမွေမြို့နယ်၊ မွန်မြတ်မေတ္တာအိမ်ရာနေ ဦးလှထွန်း+ ဒေါ်လှ မိသားစု၊ ခရမ်းမြို့ ကိုကျော်စွာမင်း+ မအေးအေးနိုင် (မင်းဘုန်းရွှေကုမ္ပဏီ) မိသားစု၊ ရန်ကုန်မြို့နေ ဒေါ်ချို မိသားစု၊ တောင်ကြီးမြို့နေ ဒေါ်ချောစုလှိုင်၊ သားသမီးများမိသားစု၊ တောင်ဥက္ကလာပမြို့နေ ဦးခိုင်ဇော်လင်း + ဒေါ်ဝါဝါဝင်းတို့ကိုအမှူးထား၍ ဒေါ်ထက်ယမင်းခိုင် (ယမင်းဂျပန်စာသင်တန်းကျောင်း) မိသားစု၊ ရန်ကုန်မြို့နေ ဒေါ်ခင်သီတာနှင့် မောင်နှစ်မတစ်စု (မိုးဦးပန်း ပရိဘောဂ)၊ တာမွေမြို့နေ ဦးသိန်းအောင်နှင့် သားသမီးများ၊ ကဝမြို့နယ်၊ ဈေးဖလုံကျေးရွာ၊ ကိုဌေးလင်း+ မသီသီအောင် မိသားစု၊ ပဲခူးမြို့နေ ဦးသောင်းဝင်း + ဒေါ်သန်းကြွယ် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ သိက္ခာထပ် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။



### ကျေးဇူးရှင်ဆရာတော်ကြီးများ

ဒီပဲယင်းမြို့နယ် ဝန်းရံကျောင်း ငယ်ဆရာတော် ဘဒ္ဒန္တဇောတိက၊ အနန္တဂုဏ်ရည်ကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒိမာ၊ တောင်ငူမြို့ ဝိသုဒ္ဓါရုံ မြို့ထောင့်ကျောင်းဆရာတော် ဘဒ္ဒန္တဥတ္တမဝံသနှင့် စာချဆရာတော်များ၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်မဟာနာယကဆရာတော် ဘဒ္ဒန္တဩမာဝီရာဘိဝံသ၊ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက စည်ရှင်ဆရာတော် ဘဒ္ဒန္တအဂ္ဂဉာနာဘိဝံသနှင့် စာချဆရာတော်များ၊ မန္တလေးမြို့ ဓမ္မမာနိတာရုံကျောင်းဆရာတော် ဘဒ္ဒန္တမာနိတာဘိဝံသ၊ မဟာဝိသုဒ္ဓါရုံတိုက်သစ် အတုလဂုဏ်ရည်ကျောင်းဆရာတော် ဘဒ္ဒန္တဩဒါတသိရီဘိဝံသ၊ နောင်ချိုမြို့ ကတီပင်ကျောင်းဆရာတော် ဘဒ္ဒန္တဥတ္တမ၊ ရွှေပြည်သာမြို့နယ် သာစုကန်ကျောင်းဆရာတော် ဘဒ္ဒန္တတေဇိန္ဒ၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ဓမ္မဝိနယရုံသီကျောင်းဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသ၊ ရန်ကုန်မြို့ တိပိဋကမဟာဂန္ထဝင်နိကာယ် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသနှင့် ပိဋကတ်နှစ်ပုံခွဲဆောင် ဘဒ္ဒန္တဩဘာသာဘိဝံသတို့ဖြစ်ပါသည်။

### အမြင့်ဆုံးအောင်မြင်ခဲ့သော စာမေးပွဲများ

သာသနဓဇဓမ္မာစရိယဘွဲ့၊ ဝိနယဝိဒူဘွဲ့၊ ဒီဃနိကာယဝိဒူဘွဲ့၊ မဇ္ဈိမနိကာယဝိဒူဘွဲ့၊ အဘိဓမ္မဝိဒူ ဘွဲ့(၁) အဘိဓမ္မ ဝိဒူဘွဲ့(၂) နိကာယဝုဓိ သမိတိ ဝိနယကောဝိဒဘွဲ့၊ နိကာယုဇ္ဇောတက ဓမ္မတ္ထဝိသာရဒ ဒီဃဘာဏကဘွဲ့၊ နိကာယုဇ္ဇောတက ဒီဃနိကာယ ဓမ္မာစရိယဘွဲ့၊ နိကာယုဇ္ဇောတကအတ္ထဝိသာရဒ မူလအာဘိဓမ္မိကဘွဲ့၊ နိကာယုဇ္ဇောတကမဇ္ဈိမဘာဂဓမ္မာစရိယဘွဲ့၊ နိကာယုဇ္ဇောတက မဇ္ဈိမအာဘိဓမ္မိက ဘာဏကဘွဲ့တို့ကိုရရှိခဲ့ပြီး တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲတွင် ၁၃၆၃ ခုနှစ် ဥဘတောဝိဘင်္ဂရေဘွဲ့၊ ၁၃၆၅ ခုနှစ် ဝိနယဓရဘွဲ့၊ ၁၃၆၇ ခုနှစ် ဥဘတောဝိဘင်္ဂကောဝိဒဘွဲ့၊ ၁၃၆၈ ခုနှစ် ဝိနယကောဝိဒဘွဲ့၊ ၁၃၆၉ခုနှစ် ဒီဃဘာဏကဘွဲ့၊ ၁၃၇၁ ခုနှစ် ဒီဃနိကာယကောဝိဒဘွဲ့၊ ၁၃၇၂ ခုနှစ် မူလအာဘိဓမ္မိကဘွဲ့၊ ၁၃၇၄ ခုနှစ် မူလအဘိဓမ္မကောဝိဒဘွဲ့၊ ၁၃၇၆ ခုနှစ် အာဘိဓမ္မိကဘွဲ့၊ တိပိဋကဓရဘွဲ့တို့ဖြစ်ပါသည်။

### အဘိဓမ္မကောဝိဒဘွဲ့တံဆိပ်တော်

ယခုနှစ်( ၇၈ ) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးတွင် အဘိဓမ္မပိဋက၊ အဘိဓမ္မာ (ဒုတိယပိုင်း)နှစ်ကျမ်း သဘောရေးဖြေကို ဖြေဆိုအောင်မြင်တော်မူသောကြောင့် အဘိဓမ္မကောဝိဒဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်တို့ကို ခံယူရရှိတော်မူမည်ဖြစ်ပါသည်။

### တိပိဋကဓရ၊ တိပိဋကကောဝိဒဘွဲ့ တံဆိပ်တော်

ယခုအခါ အရှင်ဝိစိတ္တသာရသည် သင်ရိုးပိဋကသုံးပုံကို အာဂုံပြန်ဆိုနှင့် သဘောရေးဖြေပါအောင်မြင်တော်မူပြီးဖြစ်သဖြင့် တိပိဋကဓရ၊ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်၊ အောင်လက်မှတ်တော် အရိုးဝါ ကနက္ကဒဏ်ထီးဖြူတော် သုံးလက်တံဆိပ်ပါရှိသော သာသနဝံ့အောင်လံတော်များနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က ဆက်ကပ်လှူဒါန်းသော ကုန်း၊ ရေ၊ လေ၊ သုံးဌာန အခမဲ့ အထက်တန်းခရီးသွားလက်မှတ် (ရာသက်ပန်)တပည့်နှစ်ဦးအပါအဝင် ဆွမ်းဆန်တော်စသည်တို့ကို အလှူခံရရှိတော်မူမည်ဖြစ်ပါသည်။

# ဒက္ခိဏာသီရိမြို့နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၂၂**

နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော် ကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဒက္ခိဏာသီရိမြို့နယ် ရွာမကျေးရွာအုပ်စု ကွင်းအမှတ်(၁၆၇၂)တွင် တောင်သူများအား ကောက်ရိုးဖြင့် EM ဘိုကာချီ သဘာဝမြေဆွေးပုံပြုလုပ်ခြင်း သရုပ်ပြဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။



ထို့နောက် နေပြည်တော် ကောင်စီဥက္ကဋ္ဌသည် နယူးအေးရှားကုမ္ပဏီက နွေစပါးစိုက်ဧက ၂၀ တွင် နွေစပါးမျိုးစေ့ထုတ်စိုက်ပျိုးနေမှုကို လည်းကောင်း၊ ဒက္ခိဏာသီရိမြို့နယ် ရွာမကျေးရွာအုပ်စု ကွင်းအမှတ် (၁၆၇၂)ရှိ တောင်သူဦးကျောက်၏ စိုက်ပျိုးမြေများတွင် နေပြည်တော် စက်မှုလယ်ယာဦးစီးဌာနမှ ထွန်စက်များဖြင့် နွေစပါးစိုက်ပျိုးနိုင်ရေး ထယ်ရေးပြင်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုပြီး ဒေသခံတောင်သူများ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာ ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် နေပြည်တော် ကောင်စီဥက္ကဋ္ဌသည် နေပြည်တော် ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် နေပြည်တော်ကောင်စီ၏ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးသို့တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှု၊ ပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ဥတ္တရ)**

# တိပိဋကဓရ တိပိဋကကောဝိဒ သဘောရေးဖြေအရှင်မြတ်များ၏ အောင်စာရင်းထုတ်ပြန်

၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း (၅)ရက် (ကြာသပတေးနေ့) ၂၂-၁-၂၀၂၆ ရက်၊ နံနက် ၀၈ ၀၀ နာရီအချိန်တွင် ကျင်းပသော တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး ဩဝါဒါစရိယဆရာတော်ကြီးများနှင့် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့ နှစ်ဖွဲ့ပေါင်း (၂/၇၈)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါ သဘောရေးဖြေအရှင်မြတ်များ၏ အောင်စာရင်းကို ထုတ်ပြန်လိုက်သည်-

**သဘောရေးဖြေအောင်စာရင်း**

**အဘိဓမ္မပိဋက၊ အဘိဓမ္မာ (ဒုတိယပိုင်း)နှစ်ကျမ်း သဘောရေးဖြေအောင်**
**အဘိဓမ္မကောဝိဒ၊ တိပိဋကဓရ တိပိဋကကောဝိဒ (၁)ပါး**

၁။ ပလ္လင်အမှတ် (၂၆၂) အရှင်ဝိစိတ္တသာရ၊ အသက် (၅၁)နှစ်၊ သိက္ခာ (၃၁)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**သုတ္တန္တပိဋက၊ ဒီဃနိကာယ်သုံးကျမ်း သဘောရေးဖြေအောင်**
**ဒီဃနိကာယကောဝိဒ (၃)ပါး**

၁။ ပလ္လင်အမှတ် (၂၉၃) အရှင်ခေမာသိရီလင်္ကာရ၊ အသက် (၄၃)နှစ်၊ သိက္ခာ (၂၃)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး။

၂။ ပလ္လင်အမှတ် (၃၀၅) အရှင်သုမင်္ဂလ၊ အသက် (၃၉)နှစ်၊ သိက္ခာ (၁၈)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃။ ပလ္လင်အမှတ် (၃၁၆) အရှင်ဝိမလာလင်္ကာရ၊ အသက် (၃၄)နှစ်၊ သိက္ခာ (၁၄)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊
စစ်ကိုင်းတိုင်းဒေသကြီး။

**ဝိနယပိဋက၊ ဝိနည်းဒုတိယပိုင်းသုံးကျမ်း သဘောရေးဖြေအောင်**
**ဝိနယကောဝိဒ (၇)ပါး**

၁။ ပလ္လင်အမှတ် (၃၃၃) အရှင်ကောသလ္လ၊ အသက် (၄၇)နှစ်၊ သိက္ခာ (၂၆)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊
စစ်ကိုင်းတိုင်းဒေသကြီး။

၂။ ပလ္လင်အမှတ် (၃၇၁) အရှင်သိရီဉာဏာလင်္ကာရ၊ အသက် (၃၆)နှစ်၊ သိက္ခာ (၁၄)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃။ ပလ္လင်အမှတ် (၃၇၇) အရှင်ပညာဝံသာလင်္ကာရ၊ အသက် (၃၃)နှစ်၊ သိက္ခာ (၁၃)ဝါ
တိပိဋကစုဆန်းလီကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၄။ ပလ္လင်အမှတ် (၃၈၁) အရှင်ပညာသိရီလင်္ကာရ၊ အသက် (၃၂)နှစ်၊ သိက္ခာ (၁၁)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

၅။ ပလ္လင်အမှတ် (၃၈၂) အရှင်ကုသလ၊ အသက် (၃၀)နှစ်၊ သိက္ခာ (၁၁)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

၆။ ပလ္လင်အမှတ် (၃၈၃) အရှင်အဂ္ဂဉာဏာလင်္ကာရ၊ အသက် (၃၂)နှစ်၊ သိက္ခာ (၁၀)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၇။ ပလ္လင်အမှတ် (၃၈၄) အရှင်သုစိတ္တာလင်္ကာရ၊ အသက် (၃၁)နှစ်၊ သိက္ခာ (၁၀)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**ဝိနယပိဋက၊ ဝိနည်းပထမပိုင်းနှစ်ကျမ်း သဘောရေးဖြေအောင်**
**ဥဘတောဝိဘင်္ဂကောဝိဒ (၁၁)ပါး**

၁။ ပလ္လင်အမှတ် (၄၂၇) အရှင်နန္ဒိယာလင်္ကာရ(ဒီပဲယင်း)၊ အသက် (၃၇)နှစ်၊ သိက္ခာ (၁၇)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂။ ပလ္လင်အမှတ် (၄၃၁) အရှင်အဂ္ဂဉာဏ၊ အသက် (၃၇)နှစ်၊ သိက္ခာ (၁၇)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃။ ပလ္လင်အမှတ် (၄၄၉) အရှင်ပညာသာရ၊ အသက် (၃၅)နှစ်၊ သိက္ခာ (၁၅)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊
စစ်ကိုင်းတိုင်းဒေသကြီး။

၄။ ပလ္လင်အမှတ် (၄၅၁) အရှင်ကုမာရ၊ အသက် (၃၅)နှစ်၊ သိက္ခာ (၁၅)ဝါ
ပိဋကသုံးပုံနိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

၅။ ပလ္လင်အမှတ် (၄၅၃) အရှင်နန္ဒိယာလင်္ကာရ၊ အသက် (၃၇)နှစ်၊ သိက္ခာ (၁၄)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၆။ ပလ္လင်အမှတ် (၄၅၄) အရှင်ကိတ္တိဝိဒါလင်္ကာရ၊ အသက် (၃၅)နှစ်၊ သိက္ခာ (၁၄)ဝါ
ထေရဝါဒဓမ္မရောင်ခြည်ပရိယတ္တိစာသင်တိုက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၇။ ပလ္လင်အမှတ် (၄၆၆) အရှင်သောဘိတာလင်္ကာရ(ဝက်လက်)၊ အသက် (၃၄)နှစ်၊ သိက္ခာ (၁၃)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၈။ ပလ္လင်အမှတ် (၄၈၃) အရှင်ပညာနန္ဒ၊ အသက် (၃၃)နှစ်၊ သိက္ခာ (၁၂)ဝါ
မေတ္တာနန္ဒကျောင်းတိုက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

၉။ ပလ္လင်အမှတ် (၅၀၂) အရှင်ကုသလာလင်္ကာရ၊ အသက် (၃၁)နှစ်၊ သိက္ခာ (၁၀)ဝါ
သာမဏေကျော်ပရိယတ္တိစာသင်တိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး။

၁၀။ ပလ္လင်အမှတ် (၅၀၅) အရှင်ဝိဇာတာလင်္ကာရ၊ အသက် (၃၀)နှစ်၊ သိက္ခာ (၁၀)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၁။ ပလ္လင်အမှတ် (၅၂၆) အရှင်ကုမာရာလင်္ကာရ၊ အသက် (၂၇)နှစ်၊ သိက္ခာ (၇)ဝါ
မုဋ္ဌလိန္ဒာပရိယတ္တိစာသင်တိုက်၊ ရမည်းသင်းမြို့၊
မန္တလေးတိုင်းဒေသကြီး။

# တိပိဋကဓရ တိပိဋကကောဝိဒ အာဂုံပြန် အရှင်မြတ်များအား သဘောရေးဖြေခွင့်ပြု

၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၁၂)ရက် (ဗုဒ္ဓဟူးနေ့) ၁၄-၁-၂၀၂၆ ရက်၊ နံနက် ၀၈ ၀၀ အချိန်တွင် ကျင်းပသော တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့တို့၏ (၁/၇၈)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါ အာဂုံပြန် အရှင်မြတ်များအား သဘောရေးဖြေခွင့်ပြုလိုက်သည်-

**အဘိဓမ္မပိဋက၊ အဘိဓမ္မာရှေ့ပိုင်း ငါးကျမ်းအာဂုံအောင်**
**မူလအာဘိဓမ္မိက (၃)ပါး**

၁။ ပလ္လင်အမှတ်(၂) အရှင်ဂန္ဓမာ၊ အသက် (၄၃)နှစ်၊ သိက္ခာ (၂၃)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂။ ပလ္လင်အမှတ်(၃) အရှင်အစ္ဆရိယ၊ အသက် (၄၂)နှစ်၊ သိက္ခာ (၂၂)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃။ ပလ္လင်အမှတ်(၄) အရှင်ပညာစာရာလင်္ကာရ၊ အသက် (၄၂)နှစ်၊ သိက္ခာ (၂၁)ဝါ
တိပိဋကကမ္ဘောဇကျောင်းတိုက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။

**သုတ္တန္တပိဋက၊ ဒီဃနိကာယ် သုံးကျမ်းအာဂုံအောင်**
**ဒီဃဘာဏက (၁)ပါး**

၁။ ပလ္လင်အမှတ်(၈) အရှင်နေမိန္ဒာလင်္ကာရ၊ အသက် (၃၉)နှစ်၊ သိက္ခာ (၁၉)ဝါ
ဝဇီရာနန္ဒသုဗောဓာရုံကျောင်းတိုက်၊ နေပြည်တော်။

**ဝိနယပိဋက၊ ဝိနည်းဒုတိယပိုင်း သုံးကျမ်းအာဂုံအောင်**
**ဝိနယဓရ (၂၈)ပါး**

၁။ ပလ္လင်အမှတ်(၁၂) အရှင်ပညာသိရီ၊ အသက် (၄၀)နှစ်၊ သိက္ခာ (၂၁)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂။ ပလ္လင်အမှတ်(၁၄) အရှင်ပရမ၊ အသက် (၄၀)နှစ်၊ သိက္ခာ (၂၀)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ် (တောင်ပိုင်း)။

၃။ ပလ္လင်အမှတ်(၂၅) အရှင်ပညာခေ၊ အသက် (၃၅)နှစ်၊ သိက္ခာ (၁၅)ဝါ
တိပိဋကစုဆန်းလီကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၄။ ပလ္လင်အမှတ်(၂၆) အရှင်သုဇာတ၊ အသက် (၃၅)နှစ်၊ သိက္ခာ (၁၅)ဝါ
တိပိဋကဓမ္မပါလမဟာဝိဟာရကျောင်းတိုက်၊ မုံရွာမြို့၊
စစ်ကိုင်းတိုင်းဒေသကြီး။

၅။ ပလ္လင်အမှတ်(၃၁) အရှင်အာစာရ၊ အသက် (၃၄)နှစ်၊ သိက္ခာ (၁၄)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မင်းကွန်း၊ မိုးမိတ်ကုန်းမြေ၊ စစ်ကိုင်းမြို့၊
စစ်ကိုင်းတိုင်းဒေသကြီး။

၆။ ပလ္လင်အမှတ်(၃၄) အရှင်ဓမ္မိက၊ အသက် (၃၄)နှစ်၊ သိက္ခာ (၁၄)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မင်းကွန်း၊ မိုးမိတ်ကုန်းမြေ၊ စစ်ကိုင်းမြို့၊
စစ်ကိုင်းတိုင်းဒေသကြီး။

၇။ ပလ္လင်အမှတ်(၃၈) အရှင်ဣန္ဒကာလင်္ကာရ (နတ်မောက်)၊ အသက် (၃၅)နှစ်၊ သိက္ခာ(၁၃)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ် (တောင်ပိုင်း)။

၈။ ပလ္လင်အမှတ်(၄၅) အရှင်သောဘိတ၊ အသက် (၃၂)နှစ်၊ သိက္ခာ (၁၂)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မင်းကွန်း၊ မိုးမိတ်ကုန်းမြေ၊ စစ်ကိုင်းမြို့၊
စစ်ကိုင်းတိုင်းဒေသကြီး။

၉။ ပလ္လင်အမှတ်(၅၁) အရှင်ဣန္ဒကာလင်္ကာရ (ဟိုပုံး)၊ အသက် (၃၁)နှစ်၊ သိက္ခာ (၁၁)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ် (တောင်ပိုင်း)။

၁၀။ ပလ္လင်အမှတ်(၆၃) အရှင်ရာဇိန္ဒာလင်္ကာရ၊ အသက် (၂၉)နှစ်၊ သိက္ခာ (၈)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

၁၁။ ပလ္လင်အမှတ်(၆၄) အရှင်ဝိသာရဒါလင်္ကာရ၊ အသက် (၂၉)နှစ်၊ သိက္ခာ (၈)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

၁၂။ ပလ္လင်အမှတ်(၆၅) အရှင်အာလောက၊ အသက် (၂၉)နှစ်၊ သိက္ခာ (၈)ဝါ
တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၃။ ပလ္လင်အမှတ်(၆၉) အရှင်ပညာဝံသာလင်္ကာရ၊ အသက် (၂၅)နှစ်၊ သိက္ခာ (၆)ဝါ
တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၄။ ပလ္လင်အမှတ်(၇၀) အရှင်သုဇန (နမ္မတူ)၊ အသက် (၃၈)နှစ်၊ သိက္ခာ (၁၈)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ရွှာငံမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

၁၅။ ပလ္လင်အမှတ်(၇၇) အရှင်ဃောသိတ၊ အသက် (၃၆)နှစ်၊ သိက္ခာ (၁၆)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ရွှာငံမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

၁၆။ ပလ္လင်အမှတ်(၈၃) အရှင်အဂ္ဂိနန္ဒ၊ အသက် (၃၅)နှစ်၊ သိက္ခာ (၁၅)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မင်းကွန်း၊ မိုးမိတ်ကုန်းမြေ၊ စစ်ကိုင်းမြို့၊
စစ်ကိုင်းတိုင်းဒေသကြီး။

၁၇။ ပလ္လင်အမှတ်(၉၄) အရှင်တိက္ခညာဏာလင်္ကာရ၊ အသက် (၃၅)နှစ်၊ သိက္ခာ (၁၂)ဝါ
တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၈။ ပလ္လင်အမှတ်(၉၆) အရှင်ဇဝန၊ အသက် (၃၄)နှစ်၊ သိက္ခာ (၁၂)ဝါ
တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၉။ ပလ္လင်အမှတ်(၉၉) အရှင်ဇဝန၊ အသက် (၃၁)နှစ်၊ သိက္ခာ (၁၂)ဝါ
တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂၀။ ပလ္လင်အမှတ်(၁၀၀) အရှင်ကောသလ္လ၊ အသက် (၃၂)နှစ်၊ သိက္ခာ (၁၁)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ရွှာငံမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

၂၁။ ပလ္လင်အမှတ်(၁၀၃) အရှင်တိက္ခညာဏ၊ အသက် (၃၁)နှစ်၊ သိက္ခာ (၁၁)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မင်းကွန်း၊ မိုးမိတ်ကုန်းမြေ၊ စစ်ကိုင်းမြို့၊
စစ်ကိုင်းတိုင်းဒေသကြီး။

၂၂။ ပလ္လင်အမှတ်(၁၁၀) အရှင်စက္ကိန္ဒ၊ အသက် (၃၀)နှစ်၊ သိက္ခာ (၁၀)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ရွှာငံမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

၂၃။ ပလ္လင်အမှတ်(၁၁၁) အရှင်နန္ဒိသေနာလင်္ကာရ၊ အသက် (၃၀)နှစ်၊ သိက္ခာ (၁၀)ဝါ
တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂၄။ ပလ္လင်အမှတ်(၁၁၃) အရှင်တေဇသာရ၊ အသက် (၂၉)နှစ်၊ သိက္ခာ (၁၀)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မင်းကွန်း၊ မိုးမိတ်ကုန်းမြေ၊ စစ်ကိုင်းမြို့၊
စစ်ကိုင်းတိုင်းဒေသကြီး။

၂၅။ ပလ္လင်အမှတ်(၁၁၇) အရှင်စန္ဒဇောတျာလင်္ကာရ၊ အသက် (၃၁)နှစ်၊ သိက္ခာ (၉)ဝါ
တိပိဋကစိန်ရွှေဖူးကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂၆။ ပလ္လင်အမှတ်(၁၁၈) အရှင်သုစိတ္တ၊ အသက် (၂၉)နှစ်၊ သိက္ခာ (၉)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ရွှာငံမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

၂၇။ ပလ္လင်အမှတ်(၁၂၂) အရှင်စန္ဒိမာ၊ အသက် (၂၈)နှစ်၊ သိက္ခာ (၉)ဝါ
တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂၈။ ပလ္လင်အမှတ်(၁၂၆) အရှင်ဉာဏာစာရာလင်္ကာရ၊ အသက် (၂၈)နှစ်၊ သိက္ခာ (၈)ဝါ
တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**ဝိနယပိဋက၊ ဝိနည်းပထမပိုင်း နှစ်ကျမ်းအာဂုံအောင်**
**ဥဘတောဝိဘင်္ဂရေ (၄၆)ပါး**

၁။ ပလ္လင်အမှတ်(၁၃၁) အရှင်ဓမ္မသေနာလင်္ကာရ၊ အသက် (၃၈)နှစ်၊ သိက္ခာ (၁၇)ဝါ
မဏိမန္တလာဇေယျုံကျောင်း၊ ညောင်လေးပင်မြို့၊ ပဲခူးတိုင်းဒေသကြီး။

၂။ ပလ္လင်အမှတ်(၁၃၂) အရှင်ဇယဇောတ၊ အသက် (၃၇)နှစ်၊ သိက္ခာ (၁၇)ဝါ
မင်္ဂလသိရီပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊

၃။ ပလ္လင်အမှတ်(၁၃၇) အရှင်သီလာစာရ၊ အသက် (၃၅)နှစ်၊ သိက္ခာ (၁၄)ဝါ
တိပိဋကစုဆန်းလီကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၄။ ပလ္လင်အမှတ်(၁၃၉) အရှင်သြဘာသာလင်္ကာရ၊ အသက် (၃၃)နှစ်၊ သိက္ခာ (၁၃)ဝါ
တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၅။ ပလ္လင်အမှတ်(၁၄၀) အရှင်ဟိတေသက၊ အသက် (၃၃)နှစ်၊ သိက္ခာ (၁၃)ဝါ
တိပိဋကနိကာယမော်လမြိုင်ကျောင်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၆။ ပလ္လင်အမှတ်(၁၄၂) အရှင်နန္ဒဝံသ၊ အသက် (၃၂)နှစ်၊ သိက္ခာ (၁၂)ဝါ
တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၇။ ပလ္လင်အမှတ်(၁၄၄) အရှင်အဂ္ဂသာရ၊ အသက် (၃၂)နှစ်၊ သိက္ခာ (၁၂)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မင်းကွန်း၊ မိုးမိတ်ကုန်းမြေ၊ စစ်ကိုင်းမြို့၊
စစ်ကိုင်းတိုင်းဒေသကြီး။

၈။ ပလ္လင်အမှတ်(၁၄၇) အရှင်ကုဏ္ဍလ၊ အသက် (၃၃)နှစ်၊ သိက္ခာ (၁၀)ဝါ
တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၉။ ပလ္လင်အမှတ်(၁၄၈) အရှင်စန္ဒသိရီ (ပျော်ဘွယ်)၊ အသက် (၃၃)နှစ်၊ သိက္ခာ (၁၀)ဝါ
တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၀။ ပလ္လင်အမှတ်(၁၄၉) အရှင်ဝါသဝါလင်္ကာရ၊ အသက် (၃၁)နှစ်၊ သိက္ခာ (၁၀)ဝါ
ပညာရောင်ခြည်ကျောင်းတိုက်၊
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၁။ ပလ္လင်အမှတ်(၁၅၁) အရှင်ပညိန္ဒ၊ အသက် (၃၀)နှစ်၊ သိက္ခာ (၁၀)ဝါ
တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၂။ ပလ္လင်အမှတ်(၁၅၇) အရှင်ကောမလဝရာလင်္ကာရ၊ အသက် (၂၉)နှစ်၊ သိက္ခာ (၈)ဝါ
ရွှာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၃။ ပလ္လင်အမှတ်(၁၅၈) အရှင်စန္ဒောဘာသာလင်္ကာရ၊ အသက် (၂၈)နှစ်၊ သိက္ခာ (၈)ဝါ
တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၄။ ပလ္လင်အမှတ်(၁၅၉) အရှင်ကောဝိဒ၊ အသက် (၂၈)နှစ်၊ သိက္ခာ (၈)ဝါ
တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၅။ ပလ္လင်အမှတ်(၁၆၅) အရှင်ဇောတိသာရာလင်္ကာရ၊ အသက် (၂၆)နှစ်၊ သိက္ခာ (၇)ဝါ
ရွှာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၆။ ပလ္လင်အမှတ်(၁၆၈) အရှင်ရာဟုလာလင်္ကာရ၊ အသက် (၂၆)နှစ်၊ သိက္ခာ (၆)ဝါ
ရွှာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၇။ ပလ္လင်အမှတ်(၁၆၉) အရှင်ရာဇဓမ္မ၊ အသက် (၂၆)နှစ်၊ သိက္ခာ (၆)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ရွှာငံမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

၁၈။ ပလ္လင်အမှတ်(၁၇၂) အရှင်နန္ဒိသေနာဇညာလင်္ကာရ၊ အသက် (၂၇)နှစ်၊ သိက္ခာ (၃)ဝါ
မနာပဒါယီပညာရေးစင်တာကျောင်းတိုက်၊
လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၉။ ပလ္လင်အမှတ်(၁၇၄) အရှင်ပညာစက္ကာလင်္ကာရ၊ အသက် (၁၉)နှစ်၊
မဟာဝိဟာရကျောင်းတိုက်၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂၀။ ပလ္လင်အမှတ်(၁၈၁) အရှင်သုဝီရ၊ အသက် (၃၃)နှစ်၊ သိက္ခာ (၁၃)ဝါ
တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂၁။ ပလ္လင်အမှတ်(၁၈၂) အရှင်ကေတုမာလာ၊ အသက် (၃၃)နှစ်၊ သိက္ခာ (၁၃)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ရွှာငံမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

၂၂။ ပလ္လင်အမှတ်(၁၈၉) အရှင်ဣန္ဒောဘာသ၊ အသက် (၃၃)နှစ်၊ သိက္ခာ (၁၁)ဝါ
သာမဏေကျော်စာသင်တိုက်၊ ဥဿာမြို့သစ်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး။

၂၃။ ပလ္လင်အမှတ်(၁၉၄) အရှင်ယသဓမ္မ၊ အသက် (၃၀)နှစ်၊ သိက္ခာ (၁၁)ဝါ
တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂၄။ ပလ္လင်အမှတ်(၁၉၇) အရှင်သီဟ၊ အသက် (၃၀)နှစ်၊ သိက္ခာ (၁၀)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ရွှာငံမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

၂၅။ ပလ္လင်အမှတ်(၂၀၂) အရှင်ကုသလ၊ အသက် (၂၉)နှစ်၊ သိက္ခာ (၁၀)ဝါ
ဥဿာသီရိစာသင်တိုက်၊ နန်းတော်ရာရပ်ကွက်၊
ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး။

၂၆။ ပလ္လင်အမှတ်(၂၀၃) အရှင်ဆေကိန္ဒာလင်္ကာရ၊ အသက် (၃၁)နှစ်၊ သိက္ခာ (၉)ဝါ
တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂၇။ ပလ္လင်အမှတ်(၂၀၉) အရှင်နန္ဒိယာလင်္ကာရ၊ အသက် (၂၈)နှစ်၊ သိက္ခာ (၈)ဝါ
ရွှာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂၈။ ပလ္လင်အမှတ်(၂၁၃) အရှင်သြသခါလင်္ကာရ၊ အသက် (၂၇)နှစ်၊ သိက္ခာ (၆)ဝါ
ခေမဝတီသာသနာရောင်ခြည်ကျောင်း၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၂၉။ ပလ္လင်အမှတ်(၂၁၅) အရှင်ထာဝရာလင်္ကာရ၊ အသက် (၂၇)နှစ်၊ သိက္ခာ (၄)ဝါ
တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃၀။ ပလ္လင်အမှတ်(၂၁၆) အရှင်ဥေယျဓမ္မာလင်္ကာရ၊ အသက် (၂၆)နှစ်၊ သိက္ခာ (၄)ဝါ
ရွှာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃၁။ ပလ္လင်အမှတ်(၂၁၇) အရှင်နန္ဒိယာလင်္ကာရ၊ အသက် (၂၅)နှစ်၊ သိက္ခာ (၄)ဝါ
ရွှာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃၂။ ပလ္လင်အမှတ်(၂၂၀) အရှင်ဝိစိတ္တ၊ အသက် (၄၀)နှစ်၊ သိက္ခာ (၂၀)ဝါ
တိပိဋကစုဆန်းလီကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃၃။ ပလ္လင်အမှတ်(၂၂၇) အရှင်တေဇိန္ဒ၊ အသက် (၃၅)နှစ်၊ သိက္ခာ (၁၅)ဝါ
တိပိဋကဓမ္မပါလမဟာဝိဟာရကျောင်းတိုက်၊မုံရွာမြို့၊စစ်ကိုင်းတိုင်းဒေသကြီး။

၃၄။ ပလ္လင်အမှတ်(၂၃၀) အရှင်ကောဝိဒ၊ အသက် (၃၄)နှစ်၊ သိက္ခာ (၁၄)ဝါ
တိပိဋကဓမ္မပါလမဟာဝိဟာရကျောင်းတိုက်၊ မုံရွာမြို့၊
စစ်ကိုင်းတိုင်းဒေသကြီး။

*စာမျက်နှာ ၈ သို့*

စာမျက်နှာ ၇ မှ

၃၅။ ပလ္လင်အမှတ်(၂၃၃) အရှင်ပဏ္ဍိတာလင်္ကာရ၊ အသက် (၃၃)နှစ်၊ သိက္ခာ (၁၂)ဝါ
တန့်ကြည်တောင်အောင်အပ်နှံသာမဏေကျော်ကျောင်းတိုက်၊
တောင်ကြီးမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

၃၆။ ပလ္လင်အမှတ်(၂၃၄) အရှင်ပညာဇောတ၊ အသက် (၃၂)နှစ်၊ သိက္ခာ (၁၂)ဝါ
တိပိဋကစိန်ရွှေဖူးကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃၇။ ပလ္လင်အမှတ်(၂၃၅) အရှင်တေဇောဘာသ၊ အသက် (၃၁)နှစ်၊ သိက္ခာ (၁၁)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

၃၈။ ပလ္လင်အမှတ်(၂၄၆) အရှင်ခေမိဿရ၊ အသက် (၃၀)နှစ်၊ သိက္ခာ (၇)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃၉။ ပလ္လင်အမှတ်(၂၄၇) အရှင်အာစာရာလင်္ကာရ၊ အသက် (၂၇)နှစ်၊ သိက္ခာ (၇)ဝါ
ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၄၀။ ပလ္လင်အမှတ်(၂၄၈) အရှင်ကရုဏာလင်္ကာရ၊ အသက် (၂၇)နှစ်၊ သိက္ခာ (၇)ဝါ
တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၄၁။ ပလ္လင်အမှတ်(၂၄၉) အရှင်ဝိစာရိန္ဒ၊ အသက် (၂၇)နှစ်၊ သိက္ခာ (၇)ဝါ
မဟာသုဗောဓာရုံကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၄၂။ ပလ္လင်အမှတ်(၂၅၀) အရှင်ဝရုဏာလင်္ကာရ၊ အသက် (၂၇)နှစ်၊ သိက္ခာ (၆)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၄၃။ ပလ္လင်အမှတ်(၂၅၃) အရှင်တေဇောဘာသာလင်္ကာရ၊ အသက် (၂၆)နှစ်၊ သိက္ခာ (၅)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၄၄။ ပလ္လင်အမှတ်(၂၅၄) အရှင်ဥတ္တရသိရီလင်္ကာရ၊ အသက် (၂၆)နှစ်၊ သိက္ခာ (၅)ဝါ
မဇ္ဈိမဂုဏ်ရည်ကျောင်း၊ လှည်းကူးမြို့၊ ရန်ကုန်တိုင်းဒေသကြီး။

၄၅။ ပလ္လင်အမှတ်(၂၅၅) အရှင်အရိယာလင်္ကာရ၊ အသက် (၂၆)နှစ်၊ သိက္ခာ (၄)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၄၆။ ပလ္လင်အမှတ်(၂၅၈) အရှင်ကုန္ဒပါလ၊ အသက် (၂၄)နှစ်၊ သိက္ခာ (၄)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

## သဘောထားထုတ်ပြန်ကြေညာချက်

### ရန်ကုန်တိုင်းဒေသကြီး၊ သာသနာနုဂ္ဂဟအသင်း
### အလုပ်အမှုဆောင်အဖွဲ့၏ သဘောထားထုတ်ပြန်ကြေညာချက်
### ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၂၃)ရက်၊ (၁၃၈၇)ခုနှစ် တပို့တွဲလဆန်း (၆)ရက်

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ မြန်မာနိုင်ငံလုံးဆိုင်ရာထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသသာသနာနုဂ္ဂဟအသင်း (ရန်ကုန်တိုင်းဒေသကြီး) အနေဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဥပဒေရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နယ်သာလန်နိုင်ငံ၊ သည်ဟိတ်ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး (International Court of Justice – ICJ) သို့သွားရောက်၍ ဂမ်ဘီယာနိုင်ငံ၏ ရိုးသားမှုမရှိ/မဟုတ်မမှန်သောစွပ်စွဲချက်များကို မြန်မာနိုင်ငံမှ မကျူးလွန်ကြောင်း ဥပဒေနှင့်အညီ ပကတိဖြစ်စဉ်အမှန်တရားကို တိကျပြတ်သားသည့် ဖြေရှင်းချက်များနှင့်အတူ နိုင်ငံတကာအလယ်၌ ပြည်ထောင်စုသမ္မတမြန်မာတစ်နိုင်ငံလုံး၏ ဂုဏ်သိက္ခာ၊ အချုပ်အခြာအာဏာကို ကာကွယ်ဖြေရှင်းဆောင်ရွက်နေမှုအပေါ် အပြည့်အဝကြိုဆိုထောက်ခံအပ်ပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ၏ အမှန်တရား/တရားမျှတမှု၊ ဂုဏ်သိက္ခာ၊ အချုပ်အခြာအာဏာအတွက် ရင်ဆိုင်ဖြေရှင်းနေသော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် တစ်သားတည်း ရပ်တည်ပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**ရန်ကုန်တိုင်းဒေသကြီး၊ သာသနာနုဂ္ဂဟအသင်း**

## သဘောထားထုတ်ပြန်ကြေညာချက်

### မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး၏
### သဘောထားကြေညာချက်
### ၂၀၂၆ ခုနှစ် ဇန်နဝါရီလ (၂၃)ရက်
### (၁၃၈၇)ခုနှစ် တပို့တွဲလဆန်း (၆)ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဥပဒေရေးရာဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၆ ခုနှစ် ဇန်နဝါရီလ (၁၂) ရက်နေ့မှ (၂၉)ရက်နေ့အထိ နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး ICJ သို့ သွားရောက်၍ ဂမ်ဘီယာနိုင်ငံ၏ စွပ်စွဲချက်များအား ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်လျက် မိမိတို့မြန်မာနိုင်ငံ၏ တာဝန်ယူမှုနှင့် ဂုဏ်သိက္ခာရှိသောလုပ်ရပ်တို့ကို ဖော်ညွှန်းပြသလျက်ရှိနေပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးအနေဖြင့် မိမိတို့နိုင်ငံတော်အပေါ် မတရား စွပ်စွဲလုပ်ဆောင်မှုများကို တရားဥပဒေအပေါ် ယုံကြည်မှုအခြေခံ၍ ပြတ်ပြတ်သားသား ရင်ဆိုင်ဖြေရှင်းနေခြင်းကို အပြည့်အဝကြိုဆိုထောက်ခံပါသည်။ ယင်းကဲ့သို့ ဆောင်ရွက်မှုသည် မြန်မာနိုင်ငံ၏ ပကတိဖြစ်စဉ်အမှန်များကို ပုံဖော်ပြသနေခြင်းဖြစ်ပြီး မြန်မာနိုင်ငံအပေါ် နိုင်ငံတကာမှ အထင်အမြင်လွဲမှားစေရန်နှင့် မတရားစွပ်စွဲမှုများ ဖြစ်လာစေရန် လုပ်ဆောင်နေကြခြင်းကို နိုင်ငံတကာမှ သိရှိနားလည်သွားစေရန်နှင့် ယုံကြည်မှုရှိလာစေရေးအတွက်လည်း အရေးပါသောအချက်တစ်ခုပင်ဖြစ်ကြောင်း ယုံကြည်ပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးအနေဖြင့် နိုင်ငံတော်၏ကိုယ်စား ICJ သို့ သွားရောက်၍ မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာတရား၊ အချုပ်အခြာအာဏာ၊ အကျိုးစီးပွားနှင့်သက်ဆိုင်သော ကိစ္စရပ်များအတွက် အမှန်တရားကို ရင်ဆိုင်ဖြေရှင်းနေသော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှုများကို အလေးအနက် ကြိုဆိုထောက်ခံ ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါကြောင်းနှင့် မိမိတို့ မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီးအနေဖြင့် နိုင်ငံတော်၏ မူဝါဒသဘောထားများနှင့် တစ်သားတည်း ရပ်တည်လျက်ရှိနေပါကြောင်း သဘောထားထုတ်ပြန်လိုက်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး**

## သဘောထားထုတ်ပြန်ကြေညာချက်

### မြန်မာ-အိန္ဒိယချစ်ကြည်ရေးအသင်း(MIFA)
### ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ သဘောထားထုတ်ပြန်ကြေညာချက်

၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက် (၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၁၂)ရက်နေ့မှ (၂၉) ရက်နေ့အထိ နယ်သာလန်နိုင်ငံ၊ သည်ဟိတ်ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)တွင် မြန်မာနိုင်ငံအတွက် တရားမျှတမှုနှင့် အမှန်တရားဖော်ဆောင်နိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဂုဏ်သိက္ခာ၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် ဂမ်ဘီယာနိုင်ငံ၏ မဟုတ်မမှန် စွပ်စွဲချက်များအား ဥပဒေကြောင်းအရ ခိုင်မာစွာ ရင်ဆိုင်ဖြေရှင်းနေသည့် မြန်မာကိုယ်စားလှယ်အဖွဲ့၏ ကြိုးပမ်းအားထုတ်မှုများကို မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးအသင်းက အလေးအနက်တန်ဖိုးထား အားပေးထောက်ခံသည့်အပြင် နိုင်ငံတော်၏အမှန်တရားနှင့် အမျိုးသား အကျိုးစီးပွားကို ကမ္ဘာ့အလယ်တွင် ရဲဝံ့စွာ ခုခံကာကွယ်နေခြင်းသည် တိုင်းပြည်အတွက် အလွန်အရေးကြီးသော သမိုင်းပေးတာဝန်တစ်ရပ်ကို ထမ်းဆောင်နေခြင်းဖြစ်သည်ဟု ယုံကြည်ပါသဖြင့် နိုင်ငံတော်၏မူဝါဒ၊ သဘောထားများနှင့်အတူ တစ်သားတည်းရပ်တည်လျက် ပြတ်သားစွာ ဝန်းရံထောက်ခံပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**
**မြန်မာ-အိန္ဒိယချစ်ကြည်ရေးအသင်း (MIFA)**

## သဘောထားထုတ်ပြန်ကြေညာချက်

### ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ
### သဘောထားထုတ်ပြန်ချက်

ရက်စွဲ၊ ၂၀၂၆၊ ဇန်နဝါရီလ (၂၀) ရက်

ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန (၂)၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နယ်သာလန်နိုင်ငံ၊ သည်ဟိတ်ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး(International Court of Justice – ICJ) သို့သွားရောက်ကာ ဂမ်ဘီယာနိုင်ငံ၏ ရိုးသားမှု မရှိ/မဟုတ်မမှန်သော စွပ်စွဲချက်များကို မြန်မာနိုင်ငံမှ မကျူးလွန်ကြောင်း ဥပဒေနှင့်အညီ ပကတိဖြစ်စဉ်အမှန်တရားကို တိကျပြတ်သားသည့် ဖြေရှင်းချက်များနှင့်အတူ နိုင်ငံတကာအလယ်၌ ပြည်ထောင်စုသမ္မတ မြန်မာတစ်နိုင်ငံလုံး၏ ဂုဏ်သိက္ခာ၊ အချုပ်အခြာအာဏာကို ကာကွယ်ဖြေရှင်းဆောင်ရွက်နေမှုအပေါ် အပြည့်အဝ ကြိုဆိုထောက်ခံအပ်ပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ၏ အမှန်တရား/တရားမျှတမှု၊ ဂုဏ်သိက္ခာ၊ အချုပ်အခြာအာဏာအတွက် ရင်ဆိုင်ဖြေရှင်းနေသော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့်တစ်သားတည်း ရပ်တည်ပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**
**ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ**

# Myanmar Football Academies Tournament 2025-2026 ပြိုင်ပွဲတွင် ပထမဆုနှင့် အသန့်ရှင်းဆုံးအသင်းဆုရရှိခဲ့သည့် တပ်မတော်ဘောလုံးအကယ်ဒမီအသင်းအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၂**

Myanmar Football Academies Tournament 2025–2026 ပြိုင်ပွဲတွင် ပထမဆုနှင့် အသန့်ရှင်းဆုံး အသင်းဆု( Fair Play Award ) ရရှိခဲ့သည့် တပ်မတော်ဘောလုံး အကယ်ဒမီအသင်းအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် ဇေယျာသီရိဘောလုံးအားကစား ကွင်း၌ ကျင်းပရာ တပ်မတော် အားကစားနှင့်ကာယပညာအုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဟိန်း၊ တပ်မတော် ဘောလုံးကော်မတီ ဥက္ကဋ္ဌ ဗိုလ်ချုပ် ရဲထွဋ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော် အရာရှိကြီးများနှင့် တပ်မတော်ဘောလုံး အကယ်ဒမီ အသင်းမှ နည်းပြအဖွဲ့ဝင်များ၊ အားကစားသမားများ တက်ရောက် ကြသည်။

ဦးစွာ တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဟိန်းက အမှာစကား ပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀ သိန်း ပေးအပ်ရာ တပ်မတော်ဘောလုံး အကယ်ဒမီ အုပ်ချုပ်ရေးမှူးနှင့် အသင်းခေါင်းဆောင်တို့က လက်ခံရယူကြသည်။

ထို့နောက် တပ်မတော် ဘောလုံး အကယ်ဒမီ အုပ်ချုပ်ရေးမှူး ဗိုလ်မှူး ခင်မောင်စိုးက တပ်မတော်ဘောလုံး ကော်မတီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ရဲထွဋ်ထံ ချန်ပီယံဆုဖလားအား အပ်နှင်းပြီး တပ်မတော် ဘောလုံးအကယ်ဒမီအသင်း နည်းပြချုပ် ဦးညီညီလတ်က ကျေးဇူးတင်စကားပြောကြားသည်။

မြန်မာဘောလုံး အကယ်ဒမီများပြိုင်ပွဲကို ဇန်နဝါရီ ၃ ရက်မှ ၁၁ ရက်အထိ ရန်ကုန်မြို့၌ ပြိုင်ပွဲဝင်အသင်း ရှစ်သင်းက ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဗိုလ်လုပွဲတွင် တပ်မတော်ဘောလုံး အကယ်ဒမီ အသင်းက မြန်မာဘောလုံးအကယ်ဒမီ (မန္တလေး)အသင်းကို သုံးဂိုး– တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

**သတင်းစဉ်**




# (၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ၌ မြန်မာနိုင်ငံက ရွှေတံဆိပ် ခုနစ်ခု၊ ငွေတံဆိပ်ခြောက်ခုနှင့် ကြေးတံဆိပ် သုံးခုဆွတ်ခူးရရှိ

**နေပြည်တော် ဇန်နဝါရီ ၂၂**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံ ကျင်းပလျက်ရှိသည့် (၁၃)ကြိမ်မြောက် အာဆီယံ မသန်စွမ်း အားကစားပြိုင်ပွဲများကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့နှင့် နာခွန်ရစ်ချာဆီးမား(ခိုရတ်) မြို့များရှိ အားကစားကွင်း/ရုံများ၌ ဆက်လက် ကျင်းပလျက်ရှိရာ မြန်မာအသင်းအနေဖြင့် ယနေ့အထိ ရွှေတံဆိပ် ခုနစ်ခု၊ ငွေတံဆိပ် ခြောက်ခုနှင့် ကြေးတံဆိပ် သုံးခု၊ စုစုပေါင်းဆုတံဆိပ် ၁၆ ခု ဆွတ်ခူး ရရှိထားပြီး နိုင်ငံအလိုက် အဆင့် ၆ တွင် ဆက်လက်ရပ်တည်လျက် ရှိသည်။

ယနေ့ ရေကူးပြိုင်ပွဲများ၌ (S3)S4 အမျိုးသား မီတာ ၂၀၀ အလွတ်ကူးပြိုင်ပွဲတွင် ညီညီလင်း ထက်က စံချိန် ၃ မိနစ် ၃၆ ဒသမ ၃၁ စက္ကန့်ဖြင့် ရွှေတံဆိပ်ဆုကို လည်းကောင်း၊ S6 အမျိုးသား မီတာ ၂၀၀ အလွတ်ကူးပြိုင်ပွဲတွင် အောင်မြင့်မြတ်က စံချိန် ၂ မိနစ် ၄၉ ဒသမ ၄၇ စက္ကန့်ဖြင့် ကြေး တံဆိပ်ဆုကို လည်းကောင်း ဆွတ်ခူးရရှိခဲ့သည်။

အလားတူ ထိုင်လျက်ဘော်လီ ဘော အားကစားနည်း အုပ်စု ပတ်လည်ပွဲစဉ်များတွင် မြန်မာ အသင်းက သုံးပွဲပြတ်ဖြင့်လည်း ကောင်း၊ ခုနစ်ယောက်တစ်ဖက် ဘောလုံးအားကစားနည်း အုပ်စု ပတ်လည်ပွဲစဉ်တွင် မြန်မာအသင်း က မလေးရှားအသင်းကို လေးဂိုး– တစ်ဂိုးဖြင့်လည်းကောင်း၊ ဂိုးလ် ဘောအားကစားနည်း အမျိုးသား အသင်း အုပ်စုပတ်လည်ပွဲစဉ်တွင် မြန်မာအသင်းက ဖိလစ်ပိုင်အသင်း ကို၁၅ဂိုး–၁၀ဂိုးဖြင့်လည်းကောင်း၊ ဘိုစီယာအားကစားနည်း BC1 အမျိုးသား တစ်ဦးချင်းပြိုင်ပွဲ တွင် မင်းမင်းထိုက်က ဖိလစ်ပိုင် ကို လည်းကောင်း အနိုင်ရရှိခဲ့ သည်။

ယမန်နေ့ ညနေပိုင်းပြိုင်ပွဲ ပွဲစဉ်များတွင် ပြေးခုန်ပစ် အားကစားနည်း T44, T64 အမျိုး သားမီတာ ၂၀၀ အပြေးပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ တပ်ကြပ်ကြီး စိုးပေ က ရွှေတံဆိပ်ဆု၊ အောင်မြင့်ဌေးက ငွေတံဆိပ်ဆု၊ T44, T64 အမျိုး သား သံလုံးပစ်ပြိုင်ပွဲတွင် တပ်ကြပ် ရဲမင်းစိုးက ငွေတံဆိပ်ဆု၊ F56 အမျိုးသား သံလုံးပစ်ပြိုင်ပွဲတွင် စည်သူထက်က ငွေတံဆိပ်ဆု၊ T44, T64 အမျိုးသမီး မီတာ ၂၀၀ အပြေးပြိုင်ပွဲတွင် လော်လာဝင်းက ငွေတံဆိပ်ဆု၊ F44, F64 အမျိုးသား သံလုံးပစ်ပြိုင်ပွဲတွင် တပ်ကြပ် ဇော်မင်းလွင်က ကြေးတံဆိပ်ဆု ကိုလည်းကောင်း ဆွတ်ခူးရရှိခဲ့ကြ ပြီး ယမန်နေ့ နံနက်ပိုင်းက ကျင်းပခဲ့သော ရေကူးအမျိုးသား မီတာ ၂၀၀ ရင်ပေါင်တန်းကူး ပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိသော ကစားသမားမှာ Missed classification ဖြစ်၍ ဆုပယ်ဖျက် ခြင်းခံရပြီး ငွေတံဆိပ်ဆုရရှိခဲ့ သော မင်းထူးအား ရွှေတံဆိပ်ဆု ကို ပြောင်းလဲချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ရခိုင်ပြည်နယ်အတွင်း နေထိုင်သည့်ဘင်္ဂါလီများကို နိုင်ငံတော်အစိုးရက ကူညီစောင့်ရှောက်ပေးလျက်ရှိသည့် အခြေအနေနှင့် စပ်လျဉ်း၍ စစ်တွေမြို့ အောင်မင်္ဂလာရပ်ကွက်တွင် နေထိုင်သည့် ရာအိမ်မှူး ဦးကျော်တင်လှိုင်၏ ပြောကြားချက်များ

ရခိုင်ပြည်နယ်အတွင်း နေထိုင်သည့် ဘင်္ဂါလီများကို နိုင်ငံတော်အစိုးရက ကူညီစောင့်ရှောက်ပေးလျက် ရှိသည့် အခြေအနေနှင့် စပ်လျဉ်း၍ စစ်တွေမြို့ အောင်မင်္ဂလာရပ်ကွက်တွင် နေထိုင်သည့် ရာအိမ်မှူး ဦးကျော်တင်လှိုင်၏ ပြောကြားချက်များကို ဖော်ပြအပ်ပါသည် –

**ဦးကျော်တင်လှိုင် (ရာအိမ်မှူး)**
**အောင်မင်္ဂလာရပ်ကွက် စစ်တွေမြို့**

ကျွန်တော့် နာမည်က ဦးကျော်တင်လှိုင်ပါ။ မွတ်ဆလင်နာမည်က မူဆာအာမက်ပါ။ ကျွန်တော်က အောင်မင်္ဂလာရပ်ကွက် ရာအိမ်မှူး တစ်ယောက်ပါ။ ကျွန်တော်တို့ အောင်မင်္ဂလာရပ်ကွက်မှာ တိုင်းရင်းသားနဲ့ ဆက်စပ်နေတဲ့ ရပ်ကွက်ငါးခုရှိပါတယ်။ ကုန်းတန်း၊ ကသစ်၊ ကျောင်းကြီးလမ်း၊ အောင်မင်္ဂလာနဲ့ မောလစ် စတဲ့ ငါးရပ်ကွက်ပါ။ ငါးရပ်ကွက်မှာ အိမ်ထောင်စုက ၇၂၀ ပါ၊လူဦးရေက ၄၀၀၀ လောက် ရှိပါတယ်။ ကျွန်တော်က ၂၀၁၀ ကနေ ရာအိမ်မှူး တာဝန်ကို ထမ်းဆောင်နေတာပါ။ ၂၀၁၂ ခုနှစ် ၆ လပိုင်း ပဋိပက္ခကာလမှာ တပ်မတော်နဲ့ ပြည်သူ့ရဲတပ်ဖွဲ့ဝင်တွေက ကျွန်တော်တို့ ရပ်ကွက်ကို ကာကွယ်ပေးခဲ့ပါတယ်။ အချိန်မီ ကာကွယ်ပေးခဲ့လို့ ကျွန်တော်တို့ ရပ်ကွက်တစ်ခုပဲ ဘာမှမဖြစ်ခဲ့ပါဘူး။ ကျွန်တော်တို့ရပ်ကွက်မှာ မီးရှို့မှုဖြစ်မှာစိုးလို့ ပြည်နယ်အစိုးရအဖွဲ့က တပ်မတော်နဲ့ ပူးပေါင်းပြီး ကျွန်တော်တို့ရပ်ကွက်ကို တပ်မတော်၊ ရဲတပ်ဖွဲ့ ပူးပေါင်းအဖွဲ့တွေက ကာကွယ်ပေးခဲ့ပါတယ်။ အသက်အန္တရာယ်ဖြစ်မှာစိုးတဲ့အတွက် အဲဒီအချိန်မှာ လူတစ်စုနဲ့တစ်စု သွေးဆူမှုဖြစ်နေတာမို့ အကာအကွယ်ပေးခဲ့တယ်။ အခုအချိန်ထိ ကျွန်တော်တို့ ရပ်ကွက် ဘာမှမဖြစ်ခဲ့ပါဘူး။ ကျွန်တော်တို့ကို အစိုးရအဖွဲ့က လစဉ်လတိုင်း ဆန်အိတ်ထောက်ပံ့ပေးပါတယ်။ NGO တွေလည်း ခဏခဏကူညီပေးတာတွေ ရှိပါတယ်။ ရပ်ကွက်မှာ အရင်တုန်းက မြို့မဈေးနဲ့ ဆိုင်ခန်းတွေရှိခဲ့ပါတယ်။ ကုန်သည်တွေ၊ ဆေးသုတ်သမားတွေ၊ ပန်းရန်ဆရာ၊ လက်သမားဆရာတွေ၊ ကျပန်း အလုပ်သမားတွေ အကုန်ရှိခဲ့ပါတယ်။ပဋိပက္ခ ပြီးတဲ့ နောက်ပိုင်းမှာ တစ်ယောက်နဲ့ တစ်ယောက် သဟဇာတမဖြစ်တော့ ရွာထဲမှာပဲနေပြီး ထောက်ပံ့ကြေးနဲ့ စားခဲ့ရပါတယ်။ ၂၀၁၉ ကာလမှာ တစ်ယောက်နဲ့တစ်ယောက် နည်းနည်းပါးပါး သဟဇာတဖြစ်လာတဲ့ နောက်ပိုင်းမှာ တားဆီးထားတဲ့ဂိတ်တွေ ဖြုတ်လိုက်တယ်။ ရဲတပ်ရင်းတွေကလည်း ၂၀၂၀ မှာ တစ်ခါတည်း ရုပ်သိမ်းပြီး ပြန်သွားပါတယ်။ အခုကတော့ ကျွန်တော်တို့ရပ်ကွက်မှာ အပြင်က ဈေးကြီးကို သွားပြီး ဈေးဝယ်လို့ရတယ်။ တချို့ ငါးရောင်းတဲ့ သူတွေကလည်း ဈေးကြီးမှာ သွားပြီး ငါးရောင်းလို့ ရတယ်။ ဘာမှပြဿနာမရှိပါဘူး။

ကျွန်တော်တို့ ရပ်ကွက်မှာလည်း တိုင်းရင်းသားတွေနဲ့ ပူးပေါင်းပြီးတော့ ဆိုင်ခန်းတွေ၊ ဆေးခန်းတွေ ရှိတယ်။ အစိုးရအဖွဲ့က ဖွင့်ပေးထားတဲ့ ဆေးခန်းမှာ ဘာသာပေါင်းစုံလာပြီးတော့ ဆေးကုနေကြတယ်။ တစ်ယောက်နဲ့တစ်ယောက် ဘာပြဿနာမှ မရှိပါဘူး။ အခုကတော့ လွတ်လွတ်လပ်လပ်ပါပဲ။ ကျန်းမာရေး အနေနဲ့ ပဋိပက္ခကာလမှာ လုံခြုံရေးကို ဆေးရုံသွားမယ်ဆိုရင် သတင်းပို့ပြီး ရပ်ကွက်ကတစ်ဆင့် လုံခြုံရေးယူပြီးမှ ဆေးရုံ၊ ဆေးခန်းသွားရတယ်။ အခုကတော့ ဘာမှမလိုဘူး။ ကိုယ့်ဟာကိုယ် ဆေးခန်းသွားလိုက်လို့ရတယ်။ ရပ်ကွက်မှာလည်း သဒ္ဓါ ပုဂ္ဂလိကဆေးခန်းတစ်ခု ဖွင့်ထားတယ်။ သဒ္ဓါဆေးခန်းမှာ ဆေးကုလို့ရတယ်။ ရပ်ကွက်ထဲမှာ အစိုးရက ဆေးကုပေးတာ တစ်ပတ်ကို နှစ်ကြိမ် ပုံမှန်ရှိပါတယ်။ ကျွန်တော်တို့ ရပ်ကွက်မှာ ပညာသင်တဲ့ကလေးတွေအတွက် အရင်တုန်းက မူလတန်းကျောင်းပဲ ရှိတယ်။ မူလတန်းကနေ အခုက အလယ်တန်းကျောင်းဖြစ်သွားပြီ။ အလယ်တန်းကနေ အထက်တန်းကျောင်းဖြစ်ဖို့အတွက် ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းတစ်ကျောင်း ဆောက်ပေးမယ်လို့ ပြောထားပါတယ်။ ကျွန်တော်တို့က မြေနေရာမပေးနိုင်သေးလို့ပါ။ မြေနေရာပေးလိုက်တာနဲ့ အစိုးရအဖွဲ့က ဆောက်ပေးမှာပါ။ စာမေးပွဲဖြေရင်တော့ သက္ကယ်ပြင်ကျောင်းမှာ သွားဖြေရပါတယ်။




အခု ကျွန်တော်တို့ဘက်မှာ တစ်ခုခု လေလံကျတယ်ဆိုရင် မွတ်ဆလင်လည်း အစိုးရအဖွဲ့ဆီကနေ လေလံသွားဆွဲလို့ရတယ်။ တိုင်းရင်းသားတွေနဲ့ ပူးပေါင်းပြီး လေလံသွားဆွဲကြတာပါ။ ရတဲ့သူရတယ်။ စီးပွားရေးသမား ကုန်သည်တွေကလည်း ရန်ကုန်ကနေ ပစ္စည်းမှာပြီး ရောင်းနေကြတာရှိတယ်။ တချို့သူတွေက တိုင်းရင်းသားတွေအိမ်မှာ ဆေးသုတ်၊ ပန်းရန်၊ လက်သမား အကုန်လုပ်နေကြတယ်။ သဟဇာတဖြစ်နေကြပါပြီ။ အခုက လုံးဝပြဿနာ မရှိဘူး။ ဆေးရုံကြီးကိုလည်း ဆေးသွားကုလို့ရတယ်။ ကျွန်တော်တို့ မွတ်ဆလင်လူမျိုးမှာ ဗလီ ငါးကြိမ်တက်ရတယ်။ ငါးကြိမ်လုံး ပုံမှန်တက်နေတာပါ။

**သတင်းအဖွဲ့**

# ပိုမိုကောင်းမွန်သော အနာဂတ်ဆီ . . .

**လင်းလင်း**



၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပရာ ဗလသိဒ္ဓိရပ်ကွက်၌ ပြည်သူများစိတ်အေးချမ်းသာစွာ လာရောက်ဆန္ဒမဲပေးသည်ကို တွေ့ရစဉ်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့သည် အသက် ၁၉ နှစ်အရွယ် မဖူးဖူးအတွက် ပထမဆုံး မဲပေးရသည့် နေ့ဖြစ်သည်။ အတွေ့အကြုံသစ်ဖြစ်သည့်အတွက် စိတ်စောနေပြီး ဒီဇင်ဘာနံနက်ခင်း နှင်းမကွဲခင်အချိန်ကပင် မဲရုံဆီသို့ သုတ်ခြေတင်ခဲ့သော်လည်း မဖူးဖူးကဲ့သို့ ဝီရိယကောင်းသည့် လူများစွာက မဲရုံတွင် ရောက်ရှိနေကာ စနစ်တကျ တန်းစီနေရာယူထားကြသည်။

နံနက် ၆ နာရီ မဲရုံစတင်ဖွင့်လှစ်ချိန်တွင် အလှည့်ကျတစ်ဦးစီ လျှို့ဝှက်ဆန္ဒမဲပေးကြသည်။ ၄၅ မိနစ်ခန့် စောင့်ဆိုင်းပြီးချိန်တွင် မဖူးဖူးအလှည့်သို့ ရောက်ရှိခဲ့ကာ ရင်ခုန်စိတ်လှုပ်ရှားစွာ နိုင်ငံသားကတ်ပြားပြသ၊ လက်မှတ်ရေးထိုးပြီး မဲပေးစက်ကို ခလုတ်နှိပ်ကာ ဆန္ဒမဲပေးခဲ့သည်။

**“လူငယ်တွေအတွက် အနာဂတ်က အရေးကြီးပါတယ်။ အနာဂတ်မှာ ကျွန်မတို့ဆန္ဒတွေ၊ စိတ်ကူးအိပ်မက်တွေကို စိတ်တိုင်းကျ ဖန်တီးပုံဖော်ပေးနိုင်မယ့် ကိုယ်စားလှယ်တွေကို ရွေးချယ်နိုင်ခဲ့တယ်။ ရွေးကောက်ပွဲမတိုင်ခင်ကတည်းက မဲပေးနိုင်ဖို့ ကြိုတင်လေ့လာထားခဲ့တယ်။ လူငယ်တွေအားလုံးအတွက် နိုင်ငံသားတစ်ဦး တာဝန်ကျေပွန်နိုင်ခဲ့ပြီ”** ဟု ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက် အ.ထ.က(၁၄)ရှိ မဲရုံအမှတ်(၁)တွင် ဆန္ဒမဲပေးခဲ့သူ မဖူးဖူးက ရွေးကောက်ပွဲနှင့်ပတ်သက်၍ သူ၏ခံယူချက်ကို ပြောကြားသည်။

နိုင်ငံတစ်နိုင်ငံ၏ ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်မှုအတွက် အလွန်အရေးပါသော ကဏ္ဍတစ်ရပ်ဖြစ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို **“အများယုံကြည်လက်ခံသည့် ရွေးကောက်ပွဲမှသည် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့”** ဆောင်ပုဒ်နှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် နိုင်ငံတစ်ဝန်းရှိ မြို့နယ် ၁၀၂ မြို့နယ်၌ အောင်အောင်မြင်မြင်ကျင်းပနိုင်ခဲ့သည်။

ပြည်သူ့ဆန္ဒကို နိုင်ငံရေးအာဏာအဖြစ် ပြောင်းလဲဖော်ဆောင်ပေးနိုင်မည့် အခြေခံလမ်းကြောင်းတစ်ရပ်ကို ဖန်တီးပေးလိုက်ခြင်း ဖြစ်ပြီး ရွေးကောက်ပွဲကျင်းပချိန်တွင် နိုင်ငံရေးအပြောင်းအလဲများကို ငြိမ်းချမ်းစွာဆောင်ရွက်နိုင်ရန် လိုလားကြသည့် နိုင်ငံတစ်ဝန်းရှိ ပြည်သူလူထုတစ်ရပ်လုံးက ခြိမ်းခြောက်အကျပ်ကိုင်ဖိအားပေးခြင်းမရှိဘဲ မိမိတို့၏ ဆန္ဒအလျောက် တက်ကြွစွာ စောင့်ဆိုင်းမဲပေးခဲ့ကြသည်။

**“မဲပေးကြတဲ့သူတွေအထဲမှာ လူငယ်များစွာပါဝင်တာကို တွေ့ရပါတယ်။ ဒါကဘာကိုပြသသလဲဆိုရင် မြန်မာနိုင်ငံရဲ့ လူငယ်တွေဟာ အနာဂတ်အတွက် မျှော်လင့်ချက်ကြီးကြီးထားတယ်ဆိုတာကို သုံးသပ်လို့ရပါတယ်”** ဟု ကာဇက်စတန်နိုင်ငံ ရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌ Mr. Yerman Mukhtar က မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲနှင့် ပတ်သက်၍ သုံးသပ်ပြောကြားသည်။

ထို့ပြင် မဲဆန္ဒရှင်ပြည်သူတို့၏ အနာဂတ်အတွက် မျှော်မှန်းချက်၊ ရွေးကောက်ပွဲနှင့် ပတ်သက်၍ အသိပညာပြည့်ဝမှု(Voter Education)၊ မဲပေးစဉ်ကြုံတွေ့ရသည့် အခက်အခဲ၊ လွတ်လပ်စွာမဲပေးနိုင်မှု ရှိ/မရှိ အခြေအနေတို့ကို ကာဇက်စတန်နိုင်ငံ ရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌကဲ့သို့ နိုင်ငံတကာနှင့် ပြည်တွင်းအခြေစိုက် နိုင်ငံခြားသံရုံးများမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများက မဲရုံများသို့သွားရောက်၍ စောင့်ကြည့်လေ့လာ ဆွေးနွေးမှုများ ဆောင်ရွက်ကြသည်။

မြန်မာနိုင်ငံ၏ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှုနှင့် ဂုဏ်သိက္ခာရှိသည့် ရွေးကောက်ပွဲများဖြစ်ပေါ်စေရန် ကြိုးပမ်းဆောင်ရွက်နေမှုအပေါ် နိုင်ငံတကာအသိုက်အဝန်းက အားပေးထောက်ခံမှုကို ဖော်ပြသည့်အနေဖြင့် နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၊ နိုင်ငံတကာနှင့်ပြည်တွင်းသတင်းမီဒီယာအဖွဲ့အစည်းများမှ သတင်းမီဒီယာသမား စုစုပေါင်း ၁၅၄၄ ဦးခန့် စောင့်ကြည့် လေ့လာသတင်းယူခဲ့ကြသည်။

မဲရုံရှေ့တွင် တန်းစီစောင့်ဆိုင်းနေသည့် ပြည်သူလူထုကို ကိုယ်စားလှယ်လောင်းများနှင့် ပတ်သက်၍ လေ့လာထားပြီးပြီလား၊ မဲပေးစက်နှင့် ဆန္ဒမဲပေးရမည်ဖြစ်သည့်အတွက် မဲပေးစက်အသုံးပြုတတ်ပြီလား၊ မဲပေးပြီးပြန်ထွက်လာသည့် မဲဆန္ဒရှင်ပြည်သူတို့ကို သတင်းမီဒီယာများနှင့် နိုင်ငံတကာစောင့်ကြည့်လေ့လာသူများက လွတ်လွတ်လပ်လပ်မဲပေးခွင့်ရခဲ့သလား စသဖြင့် တွေ့ဆုံမေးမြန်းမှုများ ဆောင်ရွက်ကြသည်။

မဲရုံမှူးများ၊ ကိုယ်စားလှယ်လောင်းများနှင့် တွေ့ဆုံကာ ဆန္ဒမဲပေးရန် ဆောင်ရွက်ထားသည့် လုပ်ငန်းစဉ်အဆင့်ဆင့်၊ အီလက်ထရောနစ် မဲပေးစက် အသုံးပြု၍ လွယ်ကူလျင်မြန်စွာ မဲပေးနိုင်မှုအပါအဝင် ရွေးကောက်ပွဲနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းလေ့လာကြသည်။

ဒီမိုကရေစီနိုင်ငံဖြစ်ပေါ်လာရန် ဆောင်ရွက်သည့် နိုင်ငံရေးအခင်းအကျင်းဖြစ်သည့် ရွေးကောက်ပွဲ အထမြောက်အောင်မြင်ရေးအတွက် နိုင်ငံတော်အစိုးရက အလေးထားဆောင်ရွက်ခဲ့သလို ပြည်သူများ ကိုယ်တိုင်စိတ်ပါဝင်စားစွာ၊ စိတ်ရင်းစေတနာမှန်ကန်စွာဖြင့် တက်တက်ကြွကြွ ပူးပေါင်းပါဝင်မဲပေးခဲ့ကြသည်ကို နိုင်ငံတကာစောင့်ကြည့်လေ့လာသူများက မြင်တွေ့ခဲ့ရသည်။

**“မဲပေးတဲ့သူတချို့ဟာ သူတို့မိသားစုဝင်တွေနဲ့ မဲရုံတွေမှာ စောင့်ဆိုင်းနေတာကို တွေ့ရပါတယ်။ ဒါက တကယ့်ကို အပြုသဘောဆောင်တဲ့လက္ခဏာဖြစ်ပါတယ်။ ရွေးကောက်ပွဲကို ပြည်သူတွေက ယုံကြည်မှုရှိတယ်။ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်တာက တာဝန်ရှိသူတွေရဲ့ ကြိုးပမ်းအားထုတ်မှုနဲ့ လုံခြုံမှုအပြည့်အဝပေးနိုင်တာ တွေ့ရပါတယ်။ ရွေးကောက်ပွဲ ကျင်းပပေးသူတွေရော ပါဝင်တဲ့ပြည်သူတွေလိုလားတဲ့ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုနဲ့ အောင်မြင်မှုရရှိမယ်ဆိုတာ ကျွန်တော်တို့ယုံကြည်ပါတယ်။ မြန်မာနိုင်ငံအကြီးအကဲနဲ့ ရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲအပေါ် တကယ့်ကိုစိတ်စေတနာအမှန်နဲ့ ကြိုးပမ်းခဲ့မှု၊ မြန်မာနိုင်ငံက ပြည်သူတွေ ပြင်းပြစွာဆန္ဒရှိမှုကို ဝမ်းသာဂုဏ်ယူကြောင်း ပြောလိုပါတယ်”** ဟု ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara–Ool က နိုင်ငံတကာလေ့လာစောင့်ကြည့်အဖွဲ့များ၏ မြန်မာနိုင်ငံ ရွေးကောက်ပွဲအပေါ် သဘောထားမှတ်ချက်ပေးခြင်း အခမ်းအနားတွင် သုံးသပ်ပြောကြားသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် Mr.Deng Xijun က **“အခုကျင်းပတဲ့ ရွေးကောက်ပွဲ အပိုင်း (၁) အဆင်ပြေချောမွေ့ပြီး တည်ငြိမ်အေးချမ်းတာကို တွေ့ရပါတယ်။ အောင်မြင်တဲ့ရွေးကောက်ပွဲဖြစ်ပြီး နောင်ကျင်းပမယ့် အပိုင်း(၂)နဲ့ အပိုင်း(၃)မှာလည်း အောင်မြင်အောင် ဆောင်ရွက်နိုင်မယ်လို့ ယူဆပါတယ်။ မဲဆန္ဒရှင်တွေမှာ ရွေးကောက်ပွဲပြီးရင် သူတို့ဘဝတွေ ပိုကောင်းလာမယ်၊ စီးပွားရေးတွေ ကောင်းလာမယ်၊ ပဋိပက္ခတွေလျော့ကျသွားပြီး အေးချမ်းတည်ငြိမ်သွားမယ်ဆိုတဲ့ မျှော်မှန်းချက်တွေရှိတယ်ဆိုတာကို တွေ့ခဲ့ရတယ်။ ယခု ရွေးကောက်ပွဲဟာ အောင်မြင်တယ်လို့ ယူဆပါတယ်။ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ အတူယှဉ်တွဲ နေထိုင်ရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်”** ဟု မှတ်ချက်ပြုပြောကြားသည်။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)ကိုလည်း ဇန်နဝါရီလ ၁၁ ရက်နေ့တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ရွေးကောက်ပွဲကျင်းပရန် ကြေညာထားသည့် မြို့နယ်ပေါင်း ၁၀၀ ၌ နံနက် ၆ နာရီမှ ညနေ ၄ နာရီအထိ ကျင်းပနိုင်ခဲ့သည်။

ဆန္ဒမဲပေးခြင်း လုပ်ငန်းစဉ်အဆင်ပြေလွယ်ကူစေရန် မဲရုံအမှတ်၊ မဲရုံအမှတ်စဉ်များ ကြိုတင်ဖြန့်ဝေပေးခြင်း၊ တာဝန်ရှိသူများက Tablet ဖြင့် ရှာဖွေပေးခြင်းနှင့် မဲစာရင်းစစ်ဆေးရာတွင် ကြန့်ကြာမှုမဖြစ်စေရေး အတန်းလိုက်၊ တာဝန်ခွဲဝေ၍ ရှာဖွေပေးခြင်းတို့ကို မဲရုံတာဝန်ကျဝန်ထမ်းများက ဆောင်ရွက်ပေးခဲ့ကြသည်။ မဲမသမာမှုများ ကင်းစင်စေရန်နှင့် မဲပေးမှုလုပ်ငန်းစဉ်များ ပိုမိုတိကျမြန်ဆန်စေရန် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ကို အသုံးပြုကာ မဲဆန္ဒရှင်ပြည်သူများ စိတ်ချမ်းမြေ့စွာ မိမိတို့ဒေသ၊ ရပ်ရွာ၊ လူထု၏ဆန္ဒကို ထင်ဟပ်စေနိုင်မည့် ကိုယ်စားလှယ်လောင်းကို ဆန္ဒမဲပေးရွေးချယ်နိုင်ခဲ့သည်ကို တွေ့မြင်ရသည်။

*စာမျက်နှာ ၁၁ သို့*



၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပရာ မင်းဘူး(စကု)မြို့နယ်၌ ပြည်သူများစိတ်အေးချမ်းသာစွာ လာရောက်ဆန္ဒမဲပေးသည်ကို တွေ့ရစဉ်။

- **ဒီမိုကရေစီနိုင်ငံဖြစ်ပေါ်လာရန်ဆောင်ရွက်သည့် နိုင်ငံရေးအခင်းအကျင်းဖြစ်သည့် ရွေးကောက်ပွဲ အထမြောက်အောင်မြင်ရေးအတွက် နိုင်ငံတော်အစိုးရက အလေးထားဆောင်ရွက်ခဲ့သလို ပြည်သူများကိုယ်တိုင် စိတ်ပါဝင်စားစွာ၊ စိတ်ရင်းစေတနာမှန်ကန်စွာဖြင့် တက်တက်ကြွကြွပူးပေါင်းပါဝင် မဲပေးခဲ့ကြသည်ကို နိုင်ငံတကာစောင့်ကြည့်လေ့လာသူများက မြင်တွေ့ခဲ့ရ**
- **ဒီမိုကရေစီ၏ အနှစ်သာရဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်များကို ဟန်ချက်ညီထိန်းညှိကာ မဝေးတော့သည့် အနာဂတ်တွင် စိတ်စေတနာမှန်ဖြင့် ဝိုင်းဝန်းဖော်ဆောင်လိုက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်၏ အသီးအပွင့်များအဖြစ် တည်ငြိမ်အေးချမ်းခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်းတို့ကို မျှဝေခံစားကြရတော့မည်**

# စတုတ္ထအကြိမ်မြောက် South Asia Agri Forum 2026 ကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၂၂**

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် စတုတ္ထအကြိမ်မြောက် South Asia Agri Forum 2026 ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ Novotel Hotel ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက South Asia Agri Forum 2026 ကို ကျင်းပခြင်းဖြင့် မြန်မာ– အိန္ဒိယ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာအားကောင်းလာစေပြီး နှစ်နိုင်ငံ အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် အခွင့်အလမ်းသစ်များ တိုးပွားလာစေကြောင်း၊ မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံသို့ ပဲမျိုးစုံတင်ပို့မှုအပြင် ပြောင်း၊ ရေထွက်ကုန်ပစ္စည်းများ၊ မြေပဲ၊ သစ်နှင့် ရော်ဘာ စသည့်အခြား ထုတ်ကုန်များ တင်ပို့လျက်ရှိကြောင်း၊ အပြန်အလှန်အားဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍ အထောက်အကူပြုစေရေးအတွက် ဆေးဝါးပစ္စည်းများ၊ စက်မှုလုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်းများကို အိန္ဒိယနိုင်ငံမှ တင်သွင်းလျက်ရှိကြောင်း၊ အိန္ဒိယနိုင်ငံ၏ အကောက်ခွန်ကင်းလွတ်ခွင့်ဆိုင်ရာ မူဝါဒနှင့် ASEAN– India စီးပွားရေးမူဘောင်များအရ နှစ်နိုင်ငံ စီးပွားရေးအခွင့်အလမ်းများ လွယ်ကူချောမွေ့စေကြောင်း၊ နှစ်နိုင်ငံအကြား ပဲမျိုးစုံတင်ပို့မှုဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ ဆန်စပါးတင်ပို့မှု၊ ငွေကြေး၊ ဘဏ်ကိစ္စရပ်များ ပိုမိုအဆင်ပြေချောမွေ့လာစေပြီး မြန်မာ – အိန္ဒိယ နှစ်နိုင်ငံအကြား လက်ရှိပူးပေါင်းဆောင်ရွက်နေမှုများ ပိုမိုလေးနက် ခိုင်မာအားကောင်းလာစေမည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

စတုတ္ထအကြိမ်မြောက် South Asia Agri Forum 2026 ကို ရန်ကုန်မြို့ Novotel Hotel ၌ ဇန်နဝါရီ ၂၂ ရက်မှ ၂၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဖိုရမ်သို့ တိုင်းဒေသကြီးဝန်ကြီးများ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံ စားသုံးသူရေးရာ၊ စားနပ်ရိက္ခာနှင့် ပြည်သူ့ဖြန့်ဖြူးမှုရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် H.E. Mrs. Nidhi Khare၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း၊ Oversea Agro Traders Association (OATA Myanmar) Bharat Subcontinent Agri Foundation (BSAF)တို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ပဲမျိုးစုံတင်ပို့သည့် ကုမ္ပဏီများ၊ ကနေဒါ၊ သြစတြေးလျ၊ အမေရိကန်ပြည်ထောင်စု၊ ဘရာဇီး၊ နီပေါ၊ ဘင်္ဂလားဒေ့ရှ်၊ စင်ကာပူ၊ ရုရှား၊ သီရိလင်္ကာ၊ အိန္ဒိယ၊ တန်ဇန်းနီးယား၊ ယူအေအီးနှင့် ဥရောပသမဂ္ဂမှ နိုင်ငံအချို့ အပါအဝင် ပြည်ပလုပ်ငန်းရှင် ၁၆၁ ဦး၊ ပြည်တွင်းရှိ ကောက်ပဲသီးနှံများကို တစိုက်မတ်မတ် ဝယ်ယူပေးနေသည့် ပြည်ပကုန်ဝယ်သူ ၄၆ ဦးနှင့် မြန်မာနိုင်ငံမှ ကောက်ပဲသီးနှံအား စိုက်ပျိုးသည်မှသည် ပြည်ပတင်ပို့သည့် လမ်းကြောင်းတစ်လျှောက် ပါဝင်လုပ်ကိုင်နေသည့် အထူးဖိတ်ကြားထားသူများ၊ ဘဏ်များ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ ဆိပ်ကမ်းနှင့် သင်္ဘောလိုင်းများမှ ပြည်တွင်း၊ ပြည်ပ ပညာရှင်များ တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် စတုတ္ထအကြိမ်မြောက် South Asia Agri Forum 2026 သို့ တက်ရောက်ရန် ရောက်ရှိနေသည့် အိန္ဒိယနိုင်ငံ စားသုံးသူရေးရာ၊ အစားအသောက်နှင့် ဖြန့်ဖြူးရေး ဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနမှ Secretary ဖြစ်သူ H.E. Mrs. Nidhi Khare အား ရန်ကုန်မြို့ Novotel Hotel အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ ကုန်သွယ်မှုမြှင့်တင်နိုင်ရေး၊ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံပြီး နဝမအကြိမ်မြောက် မြန်မာ–အိန္ဒိယ ကုန်သွယ်ရေးပူးတွဲကော်မတီ အစည်းအဝေး၊ မြန်မာ–အိန္ဒိယ စီးပွားရေးဆွေးနွေးပွဲနှင့် South Asia Agri Forum 2026 တို့ကို ကျင်းပခြင်းဖြင့် နှစ်နိုင်ငံအကြား ဆက်ဆံရေးခိုင်မြဲကောင်းမွန်သည့် ပြယုဂ်တစ်ခုဖြစ်ကြောင်း၊ ရှိရင်းစွဲကောင်းမွန်သည့် ဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းပြီး နှစ်နိုင်ငံအကြား ကုန်သွယ်မှုတိုးမြှင့်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရေး၊ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား မတ်ပဲနှင့် ပဲစင်းငုံကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ သက်တမ်းတိုးမြှင့်နိုင်ရေး၊ မတ်ပဲနှင့် ပဲစင်းငုံအပါအဝင် ပဲမျိုးစုံ၊ အခြားဆီထွက် သီးနှံများ၊ ဝါဂွမ်းနှင့် စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများအား အိန္ဒိယနိုင်ငံသို့ ပိုမိုတင်ပို့သွားနိုင်ရေးနှင့် မြန်မာနိုင်ငံမှ စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ နိုင်ငံတကာအဆင့်မီ အရည်အသွေးပြည့်ဝကောင်းမွန်စေရန်အတွက် နည်းပညာပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် နှစ်နိုင်ငံကုန်သွယ်မှု ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် နှစ်နိုင်ငံငွေကြေးပေးချေမှုကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၁၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇန်နဝါရီ ၂၂**

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်း လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့် နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ် မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၂၃ ရက်မှ ၂၉ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၁၅၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါ ထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက် ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*

ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲများကို ကြည့်ခြင်းအားဖြင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်တွင် ပါဝင်သည့် **“နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေးနှင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ လုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး”** အချက်ကို အတိုင်းအတာတစ်ခုအထိ ဖော်ဆောင်နိုင်ခဲ့ပြီဖြစ်သည်။

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်သည့်အတွက် နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများနှင့် ကမ္ဘာ့နိုင်ငံများက မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲကျင်းပနိုင်မှုနှင့်ပတ်သက်၍ အသိအမှတ်ပြုပြောကြားကြသည်။ ပုံဖျက်မီဒီယာအချို့က မည်သို့ပင် လိုရာဆွဲဖန်တီးရေးသားကြသော်လည်း အမေရိကန်အပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းက မြန်မာနိုင်ငံ၏ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်၍ အပြုသဘောဆောင်သည့် အတွေးအမြင်အချို့ကို ကြားသိလာရသည်။

ထိုသို့ နိုင်ငံတကာ၏ အသိအမှတ်ပြုမှု၊ မဲဆန္ဒရှင် ပြည်သူများ၏ စိတ်ပါဝင်စားမှု၊ အားတက်သရော လာရောက်မဲပေးမှုများကြောင့် ရွေးကောက်ပွဲအပိုင်း(၁)နှင့် (၂)သည် ဂုဏ်သိက္ခာရှိပြီး အောင်မြင်သည့်ရွေးကောက်ပွဲဖြစ်ခဲ့သည်။ လာမည့် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအပိုင်း(၃)အဖြစ် မြို့နယ် ၆၃ မြို့နယ်တို့၌ ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။

နိုင်ငံတစ်ဝန်း မြို့နယ်ပေါင်း ၃၃၀ ရှိသည့်အနက် ၂၆၅ မြို့နယ်တွင် ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့ပြီး ရွေးကောက်ပွဲဖျက်သိမ်းထားသော မြို့နယ် ၆၅ မြို့နယ်တွင် နေထိုင်သည့်လူဦးရေသည် နိုင်ငံရှိ လူဦးရေစုစုပေါင်း၏ ၁၃ ရာခိုင်နှုန်းခန့်သာရှိခဲ့သည်။ ရွေးကောက်ပွဲတစ်ခု အထမြောက်အောင်မြင်ရန် ရာခိုင်နှုန်း ၈၀ အထိ လွှမ်းခြုံဆောင်ရွက်နိုင်ခဲ့၍ အခက်အခဲအကျပ်အတည်းနှင့် ခြိမ်းခြောက်မှုများစွာကြားထဲမှ အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်မှာ သမိုင်းမှတ်တိုင်စိုက်ထူလိုက်နိုင်ခြင်းပင် ဖြစ်သည်။

ပြည်သူများလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ဖော်ဆောင်ရေးအတွက် မဖြစ်မနေ ဖြတ်သန်းရသည့် ရွေးကောက်ပွဲလုပ်ငန်းစဉ်နှင့် ပတ်သက်၍ မလိုသူများက မည်သို့ပင် နှောင့်ယှက်ဟန့်တားကြသော်လည်း အဖျက်အမှောင့်အတားအဆီးများကို ကျော်လွှားကာ မဲဆန္ဒရှင်ပြည်သူများက မိမိတို့၏ သဘောဆန္ဒအလျောက် အသဲကြားမှ မဲတစ်ပြားဖြင့် နိုင်ငံသားတစ်ဦး၏ တာဝန်ကျေပွန်ခဲ့ကြသည်။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးဦးတည်ချက်ကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်သည်။

အနာဂတ်နိုင်ငံတော်နှင့်ပြည်သူကောင်းကျိုးကို ဆောင်ကြဉ်းပေးမည့် အစိုးရအဖွဲ့တစ်ရပ် ပေါ်ထွန်းလာရန် စိတ်စေတနာမှန်ဖြင့် ဖော်ဆောင်လိုက်သည့် ရွေးကောက်ပွဲ၏ ရလဒ်များ၊ မဲဆန္ဒရှင်ပြည်သူတို့က ရွေးကောက်တင်မြှောက်လိုက်သည့် ကိုယ်စားလှယ်များ၏ အမည်စာရင်းများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာလျက်ရှိသည်။

ရွေးကောက်ခံရသည့် ကိုယ်စားလှယ်များကလည်း အသစ်ပေါ်ပေါက်လာသည့် လွှတ်တော်တွင် နိုင်ငံနှင့် နိုင်ငံသားတို့၏ အကျိုးဖြစ်ထွန်းစေမည့် ဥပဒေပြုရေးတာဝန်ကို ကျေပွန်ရန် အားခဲစိုးပြင်းနေကြမည်ဟု ယုံကြည်မျှော်လင့်မိပါသည်။ ဒီမိုကရေစီ၏ အနှစ်သာရဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်များကို ဟန်ချက်ညီထိန်းညှိကာ မဝေးတော့သည့်အနာဂတ်တွင် စိတ်စေတနာမှန်ဖြင့် ဝိုင်းဝန်းဖော်ဆောင်လိုက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်၏ အသီးအပွင့်များအဖြစ် တည်ငြိမ်အေးချမ်းခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်းတို့ကို မျှဝေခံစားကြရတော့မည်ဖြစ်သည်။

နိုင်ငံသားတစ်ယောက်၏ အခွင့်အရေးမဆုံးရှုံးဖို့ မဇူးဇူးကဲ့သို့ လူငယ်များအပါအဝင် ပြည်သူအပေါင်းကို ရွေးကောက်ပွဲ အပိုင်း(၁)နှင့် (၂)တွင် တာဝန်ကျေပွန်ခဲ့ကြသကဲ့သို့ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ကျင်းပမည့် ရွေးကောက်ပွဲအပိုင်း (၃)တွင်လည်း မပျက်မကွက် မဲပေးကြရင်း ဆက်လက်တာဝန်ကျေလိုက်ကြပါစို့ဟု ...။ ။

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် တက်ရောက်ချီးမြှင့်

ထားဝယ် ဇန်နဝါရီ ၂၂

**တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏စီမံမှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲကို ယမန်နေ့က ထားဝယ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ဦးစွာ ကျောင်းသား ကျောင်းသူများက မြန်မာပြည်မှာ စာပဒေသာ ဝေဆာစေရမည် သီချင်းဖြင့် သီဆိုဖျော်ဖြေသည်။**




ဆုချီးမြှင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက အမှာစကားပြောကြား၍ စာပေအသိပညာ ဟောပြောပေးသော အန်ကယ်ပညာကို ဂုဏ်ပြုဆုချီးမြှင့်ပြီး အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူငါးဦးအား ဆုချီးမြှင့်ကာ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသိန်းဇော်မြင့်က အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူ ငါးဦးအား ဆုချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးများနှင့် တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တိုင်းဒေသကြီး ပညာရေးမှူး၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးတို့က အလယ်တန်းအဆင့် စာဖတ်စွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူ ငါးဦး၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူ ငါးဦး၊ မူလတန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူ ငါးဦးနှင့် ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း ၁၂၉ ကျောင်းအတွက် စာရေးဆရာ အန်ကယ်ပညာက သုတ/ရသ စာအုပ် ၂၅၈ အုပ် ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး ပညာရေးမှူးက လက်ခံယူပြီး အထက(၁)ကျောင်းစာကြည့်တိုက်အတွက် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၊ တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ တိုင်းဒေသကြီး အမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်းတို့က စာအုပ်စာစောင်များကိုလည်းကောင်း၊ ကျောင်းအကျိုးဆောင်ဥက္ကဋ္ဌက ငွေကျပ်သိန်း ၂၀ ကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ဆရာကြီးက လက်ခံယူသည်။

ဆက်လက်၍ မူလတန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲတွင် ပထမဆုရရှိသော ကျောင်းသားက ပြိုင်ပွဲဝင်ခေါင်းစဉ်ဖြင့် ပြန်လည်သရုပ်ပြပြီး အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ရွှေမိုးငွေမိုးမင်္ဂလာပါ သီချင်း၊ ဆရာ ဆရာမများက ရွှေဘိုသနပ်ခါးသီချင်းဖြင့် ကပြသီဆိုဖျော်ဖြေကာ EDU– Park ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ပညာဘဏ်တိုက်စာကြည့်တိုက် သီချင်းဖြင့်သီဆိုကြသည်။

ထို့နောက် တိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ (MSME) လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီနာယက တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ ဥက္ကဋ္ဌ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမောင်ကြီးနှင့် အဖွဲ့ဝင်များက ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် ပြသမည့် ထုတ်ကုန်များ၊ ပြိုင်ပွဲဝင်မည့် MSME လုပ်ငန်းရှင်များ၊ ရောင်းချမည့် ဒေသရိုးရာ အစားအစာများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ဆန်စပါးအမျိုးအစားနှင့် အရည်အသွေးတို့ကို AI ဖြင့် စိတ်ဖြာတိုင်းတာသည့် သုတေသနလုပ်ငန်း ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၂၂**

သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ဇန်နဝါရီ ၁၈ ရက်က ဗဟန်းမြို့နယ်ရှိ စက်မှုနည်းပညာ လေ့ကျင့်သင်ကြားရေး သင်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းအုပ်ကြီး ဒေါက်တာနေဇာအောင်နှင့် ဆရာ ဆရာမများ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် ပူးပေါင်းဖွင့်လှစ်လျက်ရှိသည့် ဆန်စပါးကြိတ်ခွဲထုတ်လုပ်မှု နည်းပညာသင်တန်းမှ သင်တန်းသားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။



တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ပြည်သူလူထု၏ စားရေရိက္ခာဖူလုံရေးအတွက် ဆန်စက်လုပ်ငန်းများ ဖွံ့ဖြိုးရေး အမှန်တကယ် အကျိုးပြုနိုင်သည့် နည်းပညာရှင်များဖြစ်စေရေး အလေးထား ဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားပြီး နည်းပညာ စာအုပ်များပေးအပ်ကာ ဆန်စပါးအမျိုးအစားများနှင့် အရည်အသွေးတို့ကို AI ဖြင့် စိတ်ဖြာတိုင်းတာသည့် သုတေသနလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် စင်ကာပူ–မြန်မာ သက်မွေးပညာသင်ကျောင်း (SMVTI) သို့ ရောက်ရှိပြီး အမှုထမ်းရာထူးများ ခန့်ထားရေးအတွက် ရေးဖြေစာမေးပွဲဖြေဆိုနေမှု၊ အင်ဂျင်နီယာ ဘာသာရပ်ဌာနများရှိ အလုပ်ရုံများ၊ ဟိုတယ်နှင့် ခရီးသွားဘာသာရပ် သင်တန်းများအတွက် လက်တွေ့လုပ်ငန်းခွင်များအတိုင်း ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး MSME ဖွံ့ဖြိုးရေး အထောက်အကူပြု နည်းပညာရှင်များကို အရည်အသွေး စံနှုန်းပြည့်မီစွာ စဉ်ဆက်မပြတ် မွေးထုတ်ရန်နှင့် လူငယ်များ အလုပ်အကိုင် အခွင့်အလမ်းကောင်းများ ရရှိရေးအတွက် ထိရောက်မြန်ဆန်စွာ အကျိုးပြုနိုင်မည့် အသက်မွေးဝမ်းကျောင်းကာလတို သင်တန်းများကို ဖွင့်လှစ်ဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် အစိုးရနည်းပညာအထက်တန်းကျောင်း (ရွာမ) ရှိ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ၊ တာဝန်ရှိသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အင်ဂျင်နီယာ ဘာသာရပ်အလိုက် လက်တွေ့ခန်းများ၊ အလုပ်ရုံများ၊ သုတေသနလုပ်ငန်းများနှင့် စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးကာ စာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ငှက်အော်စမ်း လူငယ်သင်တန်းကျောင်းနှင့် အမျိုးသမီးများပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနသို့ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၂၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးသည် ယနေ့ နံနက်ပိုင်းတွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ၊ ပုဒ်မ – ၈၉ အရ ကလေးသူငယ်များကို လက်ခံစောင့်ရှောက်ထားသော ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိငှက်အော်စမ်းလူငယ်သင်တန်းကျောင်းနှင့် အမျိုးသမီးများ ပြုစုစောင့်ရှောက်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးဌာနသို့ သွားရောက်ကြည့်ရှုသည်။



ဦးစွာ ဒုတိယဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်ရှိ ငှက်အော်စမ်း လူငယ်သင်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းသား အိပ်ဆောင်များ၊ ကျောင်းပြင်ပ ပညာရေးသင်ကြားပေးနေမှုနှင့် အသက်မွေးဝမ်းကျောင်းပညာ သင်ကြားပေးနေမှုများ၊ ကျောင်းစာကြည့်တိုက်၊ ဆေးပေးခန်း၊ မီးဖိုဆောင်နှင့် ကျောင်းတွင်း စိုက်ခင်းများကို လိုက်လံကြည့်ရှုသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တွံတေးမြို့နယ်ရှိအမျိုးသမီးများ ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနသို့ သွားရောက်ကာ ကျောင်းသူအဆောင်များ၊ ကျောင်းပြင်ပ ပညာရေးသင်ကြားနေမှုနှင့် စက်ချုပ်သင်တန်း၊ ချည်ထိုးလက်မှုသင်တန်းများကို လိုက်လံကြည့်ရှုသည်။

ကြည့်ရှုစဉ် ဒုတိယဝန်ကြီးက သင်တန်းကျောင်းနှစ်ကျောင်းတွင် လက်ခံ စောင့်ရှောက်ထားသော ကလေးများအား ရင်းရင်းနှီးနှီး တွေ့ဆုံကာ သင်တန်းကျောင်းတွင် သင်ယူရသည့် သက်မွေးပညာများကို ကျွမ်းကျင်တတ်မြောက်သည်အထိ သင်ယူသွားရန်၊ မိမိတို့ရပ်ရွာသို့ ပြန်လည်ရောက်ရှိပါက တတ်မြောက်သွားသည့် သက်မွေးပညာများကို လက်တွေ့အသုံးချရန်၊ လူငယ်လူရွယ်များဖြစ်သည့်အတွက် ယခင်အမှားကိုသင်ခန်းစာယူ၍ နောက်နောင်တွင် တိုင်းပြည်မှ အားကိုးရသည့် လူတော်လူကောင်းများဖြစ်အောင် ကြိုးစားကြရန် ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘောဒီးယားနိုင်ငံမှ အမေရိကန်ဒေါ်လာ ၆၀၉ ဒသမ ၃ သန်းတန်ဖိုးရှိ စက်ဘီးများ ပြည်ပသို့ တင်ပို့

**ဖနောင်ပင် ဇန်နဝါရီ ၂၂**

ကမ္ဘောဒီးယားနိုင်ငံမှ ၂၀၂၅ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၆၀၉ ဒသမ ၃ သန်းတန်ဖိုးရှိ စက်ဘီးများကို တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ အရေအတွက်မှာ ၂၀၂၄ ခုနှစ်ကတင်ပို့သည့် ဒေါ်လာ ၄၂၆ ဒသမ ၉ သန်းက ၄၂ ဒသမ ၇ ရာခိုင်နှုန်းတိုးလာကြောင်း နိုင်ငံ၏ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

အဝတ်အထည်၊ ဖိနပ်၊ ခရီးသွားကုန်ပစ္စည်းနှင့် ကားတာယာများအပြင် စက်ဘီးများကို ပြည်ပဈေးကွက်သို့တင်ပို့ခြင်းသည် ကမ္ဘောဒီးယားနိုင်ငံ၏ အဓိကထုတ်ကုန်တစ်ခုဖြစ်ကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အတွင်းရေးမှူးနှင့် ပြောရေးဆိုခွင့်ရှိသူ ပန်ဆိုဗီချိက ဆင်ဟွာသို့ ပြောကြားသည်။

အဆိုပါ စက်ဘီးများကို ဥရောပသမဂ္ဂ(အီးယူ)၊ ယူကေ၊ အမေရိကန်နှင့် ကနေဒါနိုင်ငံတို့သို့ အဓိကတင်ပို့ရောင်းချခဲ့ကြောင်း ၎င်းက ပြောကြားသည်။

စက်ဘီးများသည် ပတ်ဝန်းကျင်အတွက် သန့်ရှင်းပြီး စိမ်းလန်းစိုပြည်စေကြောင်း ကမ္ဘောဒီးယား နည်းပညာနှင့်သိပ္ပံတက္ကသိုလ်၏ တရုတ်-အာဆီယံလေ့လာရေးစင်တာမှ ဒုတိယညွှန်ကြားရေးမှူး သွန်မန်ဒေးဗစ်က ပြောကြားသည်။

**ဆင်ဟွာ**



# ဆီးနှင်းများ ထူထပ်စွာကျဆင်းမှုကြောင့် အာဖဂန်နစ္စတန်ရှိ အဓိကအဝေးပြေးလမ်းများ ပိတ်ဆို့

**ကဘူးလ် ဇန်နဝါရီ ၂၂**

အာဖဂန်နစ္စတန်နိုင်ငံ၌ ဆီးနှင်းများ ထူထပ်စွာကျဆင်းမှုကြောင့် သယ်ယူပို့ဆောင်ရေး အဓိကလမ်းကြောင်းများကို ဆိုးရွားစွာ ထိခိုက်လျက်ရှိသည်။

အဓိက အဝေးပြေးလမ်းမကြီးများ၊ မြို့တော်ကဘူးလ်နှင့် မြောက်ပိုင်း ပြည်နယ်ကိုးခုကို ဆက်သွယ်ပေးထားသည့် လမ်းကြောင်းများ ပိတ်ဆို့လျက်ရှိသည်ဟု ဇန်နဝါရီ ၂၂ ရက်တွင် အာဏာပိုင်များက ဖော်ပြထားသည်။

ပြည်သူများ ခရီးသွားလာမှုနှင့် ကုန်စည်စီးဆင်းမှုအတွက် အဓိက သွေးကြောဖြစ်သည့် ဆာလန်အဝေးပြေးလမ်းမသည် ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းမှ စတင်ကာ လေပြင်းများတိုက်ခတ်ခြင်း၊ နှင်းမုန်တိုင်းအခြေအနေနှင့် နှင်းမြုများ ထူထပ်စွာကျဆင်းခြင်းတို့ကြောင့် ဖြတ်သန်းသွားလာ၍ မရနိုင်အောင် ဖြစ်ခဲ့ရသည်ဟု ပြည်သူ့လုပ်ငန်းဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မိုဟာမက်အာရှရက်ဖ် ဟာ့ရှိနက်စ်က ပြောသည်။

အဝေးပြေးလမ်း၏ နေရာအသီးသီးတွင် နှင်းများစုပုံလာမှုမှာ အနက် ၂ မီတာမှ ၄ ဒသမ ၆ မီတာအထိ ရှိလာသည်ဟု လမ်းပိတ်ဆို့မှုဆိုးရွားသည့် အခြေအနေနှင့်ပတ်သက်ပြီး ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

တစ်ဆက်တည်းမှာပင် မတော်တဆမှုများနှင့် လူသေဆုံးနိုင်သည့် အန္တရာယ်များကို ကြိုတင်ကာကွယ်သည့်အနေဖြင့် ကဘူးလ်-ကန်ဒဟာ အဝေးပြေးလမ်းမကြီးကိုလည်း အာဏာပိုင်များက ယာယီပိတ်ထားခဲ့သည်။

ဇန်နဝါရီ ၂၁ ရက်မှစတင်ကာ အာဖဂန်နိုင်ငံအတွင်း ပြည်နယ် ၃၄ ခုအနက် ပြည်နယ် ၃၃ ခုတွင် ရာသီဥတုအခြေအနေ ဆိုးရွားခဲ့ပြီး အချို့သောနေရာများတွင် အပူချိန်မှာ အနုတ် ၁၅ ဒီဂရီဆဲလ်စီးယပ်အထိ ကျဆင်းခဲ့ပြီး နိုင်ငံတစ်ဝန်း ခရီးသွားလာမှုနှင့် ကုန်စည်စီးဆင်းမှုများတွင် အနှောင့်အယှက် အဟန့်အတားများ ဖြစ်ပေါ်လျက်ရှိသည်။

**ဆင်ဟွာ**



# တရုတ်ဖုန်းများ နီပေါဖုန်းဈေးကွက်တွင် အသုံးများ

**ခတ္တမန္ဒူ ဇန်နဝါရီ ၂၂**

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်ပထမပိုင်းတွင် တရုတ်ထုတ်စမတ်ဖုန်းများ နီပေါဖုန်းဈေးကွက်ကို အသုံးများနေရာယူလာခဲ့သည့်နည်းတူ နီပေါနိုင်ငံသည် အိမ်နီးချင်း တရုတ်နိုင်ငံမှ ဖုန်းများကို ပြည်တွင်းသို့ ပိုမိုတင်သွင်းလာခဲ့ကြောင်း အကောက်ခွန်ဌာနက ဇန်နဝါရီ ၂၁ ရက် ထုတ်ပြန်သောထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

နီပေါနိုင်ငံသည် ၂၀၂၆ ခုနှစ် ဇန်နဝါရီလလယ်အထိ စမတ်ဖုန်း ၁၂၅၂၆၃၄ လုံး တင်သွင်းခဲ့သည်။ လက်ရှိဘဏ္ဍာနှစ်သည် ၂၀၂၅ ခုနှစ် ဇူလိုင်လလယ်မှ စတင်ခဲ့သည်။ တင်သွင်းခဲ့သော ဖုန်းများအနက် တရုတ်ထုတ် စမတ်ဖုန်း ၈၅ ရာခိုင်နှုန်းအထိ ပါဝင်ခဲ့သည်။

လွန်ခဲ့သော ဘဏ္ဍာနှစ်အလားတူကာလတွင် နီပေါနိုင်ငံသည် စမတ်ဖုန်း ၁၁၁၁၅၅၆ လုံး တင်သွင်းခဲ့ပြီး ထိုထဲတွင် တရုတ်ထုတ်စမတ်ဖုန်း ၇၇ ရာခိုင်နှုန်း ပါဝင်ခဲ့သည်။ နီပေါနိုင်ငံတွင် ရှောင်မီ၊ ဗီဗိုနှင့် အော့ပိုဖုန်းတို့သည် ထင်ရှားသော တရုတ်ဖုန်းအမျိုးအစားများ ဖြစ်ကြသည်။

**ဆင်ဟွာ**

# နဝမအကြိမ်မြောက် ကမ္ဘာ့ရင်းနှီးမြှုပ်နှံမှုဖိုရမ် ၂၀၂၆ ခုနှစ်တွင် ကာတာနိုင်ငံ၌ ကျင်းပမည်

**ဒါဗို့စ် ဇန်နဝါရီ ၂၂**

နဝမအကြိမ်မြောက် ကမ္ဘာ့ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို ၂၀၂၆ ခုနှစ် အောက်တိုဘာလတွင် ကာတာနိုင်ငံ၌ ကျင်းပပြုလုပ်သွားမည်ဟု ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့က ဆွစ်ဇာလန်နိုင်ငံ ဒါဗို့စ်မြို့တွင် ဇန်နဝါရီ ၂၁ ရက်က ပြုလုပ်သည့် ကမ္ဘာ့စီးပွားရေးဖိုရမ်နှစ်ပတ်လည် အခမ်းအနားတွင် ကြေညာခဲ့သည်။

အဆိုပါဖိုရမ်ကို အနာဂတ်တွင် ရင်းနှီးမြှုပ်နှံမှုခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ရေတိုရင်းနှီးမြှုပ်နှံမှုကို ကျော်လွန်ပြီး ရေရှည်တန်ဖိုး ဖန်တီးခြင်းကို အလေးပေးသွားမည်ဖြစ်သည်။ ထို့ပြင် ထုတ်လုပ်မှုစွမ်းရည်နှင့် စီးပွားရေးအရ ကြံ့ကြံ့ခံနိုင်မှုတို့ကို အဓိကထားဆောင်ရွက်သွားမည်ဟု ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၏ ထုတ်ပြန်ချက်အရ သိရသည်။

ထိလွယ်ရှလွယ်မှုအခြေအနေနှင့် မသေချာမှုတို့ ကြီးထွားနေသည့်ကာလတွင် ရင်းနှီးမြှုပ်နှံမှုသည် ချမ်းသာကြွယ်ဝမှုကို မျှဝေပေးနိုင်မည့် မျက်မှောက်အဓိကမောင်းနှင်အားတစ်ခုဖြစ်လာမည်ဟု ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၏ အတွင်းရေးမှူးချုပ်ဖြစ်သူ ရီဘက်ကာဂရင်းစပန်းက ပြောသည်။

ဖိုရမ်၏အစီအစဉ်တွင် ကမ္ဘာ့ခေါင်းဆောင်များ၏ ရင်းနှီးမြှုပ်နှံမှုအစည်းအဝေး၊ တစ်ကမ္ဘာလုံးဆိုင်ရာ စတော့အိတ်ချိန်းဆွေးနွေးပွဲ၊ ရင်းနှီးမြှုပ်နှံမှုနှင့် လုပ်ငန်းများဆိုင်ရာဝန်ကြီးများ၏ စကားဝိုင်း၊ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုနှင့် တိုးတက်မှုဆိုင်ရာအစည်းအဝေးတို့ ပါဝင်မည်ဖြစ်သည်။

ကမ္ဘာ့ရင်းနှီးမြှုပ်နှံမှုဖိုရမ်တွင် အစိုးရနှင့်ပုဂ္ဂလိက ခေါင်းဆောင်များသည် ရေရှည်မျှော်မှန်းချက်ကို ရင်းနှီးမြှုပ်နှံမှုအဖြစ်သို့ ပြောင်းလဲရန် အတူတကွလုပ်ဆောင်ကြမည်ဟု ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကမ္ဘာ့ရင်းနှီးမြှုပ်နှံမှုဖိုရမ်မှ ရင်းနှီးမြှုပ်နှံမှု ဒါရိုက်တာ နန်လီကိုလင်းက ပြောသည်။

**ဆင်ဟွာ**

# ဩစတြေးလျနိုင်ငံ၌ ပြင်းထန်သော အပူလှိုင်းကျရောက်ပြီး တောမီးလောင်မှုဖြစ်ပွားနိုင်

**မဲလ်ဘုန်း ဇန်နဝါရီ ၂၂**

ကျေးလက်ဒေသများတွင် စံချိန်တင်အပူချိန်မြင့်မားမည့် ခန့်မှန်းချက်နှင့်အတူ ဇန်နဝါရီ ၂၄ ရက်တွင် ပြင်းထန်သောအပူလှိုင်း ကျရောက်မည့် ကိစ္စနှင့်ပတ်သက်ပြီး ဩစတြေးလျနိုင်ငံ ဗစ်တိုးရီးယားပြည်နယ် အာဏာပိုင်များက ဇန်နဝါရီ ၂၂ ရက်က သတိပေးချက်တစ်ခု ထုတ်ပြန်ထားသည်။

ဇန်နဝါရီ ၂၄ ရက်မှစတင်ပြီး မဲလ်ဘုန်းသို့ ကျရောက်မည့် အပူချိန်မြင့်မားပြီး လေပြင်းတိုက်ခတ်မည့် မိုးလေဝသအခြေအနေများက အလွန်ဆိုးရွားသော တောမီးလောင်မှု အန္တရာယ်ကို ပြန်လည် ဖြစ်ပေါ်စေနိုင်သည်ဟု ဗစ်တိုးရီးယား အရေးပေါ်စီမံခန့်ခွဲမှု ကော်မရှင်နာ တင်မ်ဝေဘစ်ရှ်က ဇန်နဝါရီ ၂၂ ရက် မွန်းလွဲပိုင်းက မဲလ်ဘုန်းတွင်ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

မိုးလေဝသဗျူရို၏ ခန့်မှန်းချက်အရ မဲလ်ဘုန်း၏ အများဆုံး အပူချိန်သည် ဇန်နဝါရီ ၂၄ ရက်တွင် ၄၀ ဒီဂရီဆဲလ်စီးယပ်စ်သို့ ရောက်ရှိနိုင်ပြီး ဇန်နဝါရီ ၂၇ ရက်တွင် ၄၂ ဒီဂရီဆဲလ်စီးယပ်သို့ ရောက်ရှိနိုင်ကြောင်း သိရသည်။

ပြင်းထန်သော တောမီးလောင်မှုသည် ဗစ်တိုးရီးယား အနောက်ပိုင်းမှ အနောက်တောင်ပိုင်း၌ ဇန်နဝါရီ ၂၄ ရက်တွင်လည်းကောင်း၊ ယင်းပြည်နယ်၏ အရှေ့မြောက်ပိုင်း၌ ဇန်နဝါရီ ၂၅ ရက်တွင်လည်းကောင်း ဖြစ်ပွားနိုင်ကြောင်း ပြည်နယ်မီးသတ်အာဏာပိုင်အဖွဲ့က ကြေညာခဲ့သည်။


ဇန်နဝါရီ အစောပိုင်းက ဖြစ်ပွားခဲ့သော ပြင်းထန်သောအပူလှိုင်းများကြောင့် ဗစ်တိုးရီးယားပြည်နယ်တစ်ဝန်း တောမီးလောင်မှုဖြစ်ပွားခဲ့သည်။ တောမီးလောင်မှုကြောင့် မြေဟက်တာပေါင်း ၄ သိန်းခန့်နှင့် အဆောက်အအုံ ၁၀၀၀ ကျော် ပျက်စီးခဲ့သည်။

**ဆင်ဟွာ**



ဩစတြေးလျတောင်ပိုင်း၌ ယခင်က တောမီးလောင်မှုဖြစ်ပွားခဲ့သည်ကို တွေ့မြင်ရစဉ်။

သီပေါမြို့နယ် နမ့်လန်ဒေသနှင့် မိုင်းရယ်မြို့အနီး SSA စခန်းနေရာ၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု ပြုလုပ်သည့်နေရာနှင့် မူးယစ်ဆေးဝါးချက်လုပ်သည့် နေရာများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ထပ်မံသိမ်းဆည်းရမိ။




❖ *ကျောဖုံးမှ*

မူးယစ်ဆေးဝါး ထုတ်လုပ်မှုနှင့် တရားမဝင်ရောင်းဝယ်မှု တားဆီးကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အင်တိုက်အားတိုက် စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့ရာ သီပေါမြို့နယ်နှင့် မိုင်းရယ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါး ချက်လုပ်သည့်နေရာများနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများအား ဖော်ထုတ်သိမ်းဆည်းရမိခဲ့သည့် သတင်းများကို ဇန်နဝါရီ ၁၁ ရက်၊ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များသည် အဆိုပါဒေသများအတွင်း မူးယစ်ဆေးဝါးချက်လုပ်နေမှုများအား အမြစ်ပြတ်ရှင်းလင်းနိုင်ရေးအတွက် ဒေသခံပြည်သူများ၏ သတင်းပေးပို့မှုများနှင့်အတူ လိုအပ်သည့် လေကြောင်း ကင်းထောက်ခြင်းနှင့် မြေပြင်သတင်းဖော်ထုတ်ခြင်းများပြုလုပ်၍ နယ်မြေရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်ခဲ့ရာ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၈ ရက် ညနေ ၄ နာရီခန့်တွင် စိန်ကြေ့ကျေးရွာ၏ အနောက်တောင်ဘက် ၁၀ ကီလိုမီတာခန့်အကွာ၊ ဇန်နဝါရီ ၁၆ ရက်တွင် သိမ်းဆည်းရမိခဲ့သည့် နေရာ၏ အနောက်မြောက်ဘက် ၂ ကီလိုမီတာခန့်အကွာ၌ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် အဆောက်အအုံများနှင့် ဆက်စပ်ပစ္စည်းများဖြစ်သော “၁၈၈၈” အမှတ်တံဆိပ်ပါ ထုပ်ပိုးခွံပစ္စည်းများထည့်ထားသည့် ဂိုဒေါင်သုံးလုံး၊ ဖန်ပေါင်းအိုး ၁၅ လုံး၊ အခြောက်ခံဗန်း ၂၄ ခုထားရှိသည့် တဲတစ်လုံး၊ လူနေတဲရှစ်လုံး၊ အပေါင်းခံစက် ခုနစ်လုံးထည့်ထားသည့် တဲတစ်လုံး၊ (စိစစ်ဆဲ) ဓာတုပစ္စည်းအိတ် ၅၀၀ ထည့်ထားသည့် ဂိုဒေါင်တစ်လုံး၊ Caustic Soda ထည့်ထားသည့် ဆာလာအိတ် ၁၀၃ အိတ်နှင့် ဆိုဒီယမ်ဆာလဖိတ်ထည့်ထားသည့် ဆာလာအိတ် ၂၀၀ ထည့်ထားသည့် ဂိုဒေါင်တစ်လုံး၊ ကျောက်ချဉ်အိတ် ၁၈ အိတ်၊ မီးသွေးအမှုန့်အိတ် ၂၈ အိတ်၊ ဂတ်စ်အိုး ၄၆၉ လုံး၊ ရေခဲသေတ္တာသုံးလုံး၊ စားချက်ဆောင်တစ်လုံး၊ လျှပ်စစ်မီးဖို ကိုးလုံး၊ မူးယစ်ဆေးဝါး ချက်လုပ်ရာတွင် အသုံးပြုသည့် စက်နှစ်လုံးတို့ကိုလည်းကောင်း။

ဇန်နဝါရီ ၁၈ ရက် ညနေ ၅ နာရီခန့်တွင် မန်ဖြတ်ကျေးရွာ၏ အနောက်ဘက် ၂၀ ကီလိုမီတာခန့်အကွာ၊ ဇန်နဝါရီ ၁၁ ရက်တွင် သိမ်းဆည်းရမိခဲ့သည့် နေရာ၏ အနောက်တောင်ဘက် ၇ ကီလိုမီတာခန့်အကွာ၌ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် လူနေတဲ ၁၇ လုံး၊ ဂိုဒေါင် ရှစ်လုံး၊ မူးယစ်ဆေးဝါး ချက်လုပ်သည့်တဲ လေးလုံး၊ မီးစက်အကြီး နှစ်လုံး၊ အက်စစ်အပါ (ပလတ်စတစ်) ပီပါအပြာ ၅၄ လုံး၊ ပလတ်စတစ် ပီပါအပြာအခွံ အလုံး ၁၉၀၊ သံပီပါအခွံ ၇၆ လုံး၊ အဖြူရောင် ၅ ဂါလန်ပုံး (အက်စစ်အပါ) ၇၅ လုံး၊ Caustic Soda ဆာလာအိတ် အလုံး ၆၀၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် စတီးပေါင်းအိုးတစ်လုံး၊ ဖန်ပေါင်းအိုး အသေး ၃၉ လုံးတို့အား လည်းကောင်း၊ ညနေ ၆ နာရီခန့်တွင် အဆိုပါနေရာ၏အနောက်မြောက်ဘက် ၆ ကီလိုမီတာခန့်အကွာ၌ ကော်ပီပါအခွံ ၆၇ လုံး၊ သံပီပါအခွံ ခုနစ်လုံး၊ မီးစက်နှစ်လုံး၊ လူနေတဲ လေးလုံး၊ ကတ်ထူဖာအခွံများ ထည့်ထားသည့် ဂိုဒေါင်တစ်လုံး၊ စားချက်ဆောင်တစ်လုံး၊ ပစ္စည်းတင်စင်(သံဖရိန်) ခြောက်စင်၊ ဂတ်စ်အိုး တစ်လုံး၊ သစ်ခွဲသားဆိုဒ်စုံအချောင်း ၅၀ တို့ကို လည်းကောင်း။

ဇန်နဝါရီ ၁၉ ရက် နံနက် ၉ နာရီခန့်တွင် မိုင်းရယ်မြို့၏ အနောက်တောင်ဘက် ၁၀ ကီလိုမီတာခန့်အကွာ၊ ဇန်နဝါရီ ၁၆ ရက်တွင် သိမ်းဆည်းရမိခဲ့သည့် နေရာ၏ အရှေ့မြောက်ဘက် ၉ ကီလိုမီတာခန့်အကွာ၌ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် တဲငါးလုံး၊ ဂိုဒေါင်ငါးလုံး၊ လူနေတဲ ရှစ်လုံး၊ ၆ ပေကွိုင်လာငါးလုံး၊ ၅ ပေကွိုင်လာ ငါးလုံး၊ စတီးမွှေစက် လေးလုံး၊ စတီးဗန်းအချပ် ၆၀၊ မူးယစ်ဆေးဝါးချက်ဖန်ပြွန် အခု ၁၂၀၊ ဆေးပြားရိုက်စက်လေးလုံး၊ ဂတ်စ်အိုးအခွံ အလုံး ၁၂၀၊ ပီပါအပြာအခွံ အလုံး ၂၅၀၊ သံပီပါအခွံ အလုံး ၅၀၊ မီးစက်ကြီး နှစ်လုံး၊ ၆ ဘီးကားအပြာနှစ်စီး တို့ကိုလည်းကောင်း၊ ညနေ ၃ နာရီခန့်တွင် မန်ဖြတ်ကျေးရွာ၏ အနောက်တောင်ဘက် ၁၈ ကီလိုမီတာခန့်အကွာ၊ ဇန်နဝါရီ ၁၈ ရက်နေ့တွင် သိမ်းဆည်းရမိခဲ့သည့် နေရာ၏ အရှေ့တောင်ဘက် ၄ ကီလိုမီတာခန့်အကွာ၌ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် အလျား ၂၅ ပေ အနံ ၁၅ ပေရှိ မိုးကာလူနေတဲ တစ်လုံး၊ အလျား ပေ ၂၀ အနံ ၁၀ ပေရှိ မိုးကာစားချက်ဆောင် တစ်လုံး၊ ဘတ်ဟိုးယာဉ်တစ်စီးနှင့်ဆက်စပ်ပစ္စည်းများကို လည်းကောင်း။

ဇန်နဝါရီ ၂၀ ရက် ည ၇ နာရီခန့်တွင် အဆိုပါနေရာ၏ အနောက်တောင်ဘက် ၈ ကီလိုမီတာခန့်အကွာ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ပြုလုပ်သည်ဟု ယူဆရသော အလျား ပေ ၁၈၀ အနံ ပေ ၅၀ အမြင့် ၂၂ ပေရှိ သွပ်မိုးနှစ်ထပ်အဆောက်အအုံ နှစ်လုံး၊ အလျား ပေ ၁၂၀ အနံ ပေ ၆၀ အမြင့် ၂၂ ပေရှိ ဆောက်လုပ်ဆဲ နှစ်ထပ်အဆောက်အအုံ တစ်လုံး၊ အလျား ပေ ၂၀၀ အနံ ပေ ၂၀ အမြင့် ၁၂ ပေရှိ သံဖရိန်အထပ်သားကာ အဆောက်အအုံ တစ်လုံးတို့ကိုလည်းကောင်း ထပ်မံဖော်ထုတ် တွေ့ရှိသိမ်းဆည်းနိုင်ခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇန်နဝါရီ ၂၂ ရက် ယနေ့နံနက်ပိုင်းတွင် နယ်မြေရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ရာ မန်ဖြတ်ကျေးရွာ၏ အနောက်မြောက်ဘက် ၁၈ ကီလိုမီတာခန့်အကွာ၊ ဇန်နဝါရီ ၁၆ ရက်တွင် သိမ်းဆည်းရမိခဲ့သည့် နေရာ၏ အနောက်တောင်ဘက် ၄ ကီလိုမီတာခန့်အကွာသို့ အရောက်၌ SSA အဖွဲ့များနေထိုင်သည့် အလျား ပေ ၄၀ အနံ ပေ ၂၀ ရှိ သွပ်မိုးအုတ်ကာ လူနေအဆောက်အအုံ တစ်လုံး၊ အလျား ပေ ၄၀ အနံ ၂၅ ပေရှိ သွပ်မိုးအုတ်ကာ စားချက်ဆောင် တစ်လုံး၊ အလျား ပေ ၂၀ အနံ ပေ၂၀ ရှိ သွပ်မိုးဝါးကာ လူနေတဲ တစ်လုံး၊ အလျား ပေ ၂၀ အနံ ၁၅ ပေရှိ သွပ်မိုးအုတ်ကာ လူနေတဲ တစ်လုံး၊ အလျား ၁၀ ပေ အနံ ၁၀ ပေရှိ သွပ်မိုးအုတ်ကာလူနေတဲ တစ်လုံး၊ အလျား ပေ ၂၀ အနံ ပေ ၂၀ ရှိ သွပ်မိုးအုတ်ကာ လူနေတဲ တစ်လုံး၊ အလျား ၁၀ ပေ အနံ ၁၀ ပေရှိ သွပ်မိုးထရံကာ လူနေတဲ တစ်လုံး၊ မြေစိုက်သစ်လုံးဘန်ကာ ၂ လုံး၊ အကျယ် ၃ ပေ အနက် ၃ ပေ၊ အရှည် ပေ ၃၀၀ ရှိ ဆက်သွယ်ရေးမြောင်း၊ ထရံမိုး နှစ်ယောက်အိပ်တဲနှစ်လုံး၊ ထရံမိုး ငါးယောက်အိပ်တဲ တစ်လုံး၊ အလျား ၂၄ ပေ အနံ ၁၂ ပေရှိ သွပ်မိုးအုတ်ကာ အဆောက်အအုံ တစ်လုံး၊ အလျား ၁၅ ပေ အနံ ၁၂ ပေရှိ သွပ်မိုးအုတ်ကာ အဆောက်အအုံ တစ်လုံး၊ အလျား ၂၄ ပေ အနံ ၂၄ ပေရှိ သွပ်မိုးပျဉ်ကာ နှစ်ထပ်အဆောက်အအုံ တစ်လုံး၊ အလျား ပေ ၃၀ အနံ ပေ ၂၀ ရှိ သွပ်မိုးအုတ်ကာ အဆောက်အအုံ တစ်လုံး၊ အလျား ပေ ၂၀ အနံ ပေ ၂၀ ရှိ သွပ်မိုးအုတ်ကာ အဆောက်အအုံတစ်လုံး၊ အလျား ၂၄ ပေ အနံ ၁၅ ပေရှိ သွပ်မိုးအုတ် (ကားဂိုဒေါင်ပါ) အဆောက်အအုံ တစ်လုံး၊ အလျား ၁၂ ပေ အနံ ၈ ပေရှိ သွပ်မိုးအုတ်ကာ (ရေချိုးခန်း) အဆောက်အအုံ တစ်လုံး၊ အလျား ၁၀ ပေ အနံ ၅ ပေရှိ သွပ်မိုးအုတ်ကာ (နှစ်လုံးတွဲအိမ်သာ) အဆောက်အအုံတစ်လုံး၊ အလျား ၆ ပေ အနံ ၆ ပေရှိ သွပ်မိုးအုတ်ကာ ကင်းစောင့်တဲ တစ်လုံးတို့ဖြင့် အခိုင်အမာတည်ဆောက်လျက် မူးယစ်ဆေးဝါးများ ထုတ်လုပ်မှုအား အနီးကပ်လုံခြုံရေးပေးခဲ့သည်ဟု ယူဆရသည့် SSA လက်နက်ကိုင် အဖွဲ့အစည်းအင်အားစုအချို့ နေထိုင်ခဲ့သည့် စခန်းကြီးတစ်ခုအား ပစ်ခတ်ခုခံမှုမရှိဘဲ ရှင်းလင်းသိမ်းပိုက်နိုင်ခဲ့သည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သီပေါမြို့နယ်နှင့် မိုင်းရယ်မြို့နယ်တို့အတွင်း မြေပြင်သတင်းဖော်ထုတ်ပြီး ဒေသခံပြည်သူများ၏ သတင်းပေးပို့၍ ပူးပေါင်းပါဝင်မှုတို့နှင့်အတူ အွန်လိုင်းလိမ်လည်မှုနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းများကို အဖွဲ့စုံပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့်စစ်ကြောင်းများခွဲ၍ ဖော်ထုတ်ရှင်းလင်းခဲ့ရာ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၉ ရက်မှ ဇန်နဝါရီ ၂၂ ရက်အထိ အဆိုပါဒေသအတွင်း မူးယစ်ဆေးဝါး ချက်လုပ်သည့်နေရာ ၁၃ နေရာနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ပြုလုပ်သည့်နေရာဟု ယူဆရသည့်နေရာနှစ်နေရာတို့ကို ဖော်ထုတ်ရှင်းလင်းနိုင်ခဲ့ကာ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ပစ္စည်း အမြောက်အမြားနှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းနိုင်ခဲ့ပြီး အဆိုပါ မူးယစ်ဆေးဝါး ချက်လုပ်သည့်နေရာများအနီး တစ်ဝိုက်တွင် SSA အဖွဲ့၏ ကာကင်းစခန်းတစ်ခုနှင့် အခိုင်အမာ တည်ဆောက်ထားသည့် စခန်းနေရာတစ်ခုတို့ကို တွေ့ရှိသိမ်းဆည်းနိုင်ခဲ့သည်။

အဆိုပါ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများကို ပူးပေါင်းအဖွဲ့ဖြင့် အသေးစိတ်ဆက်လက်စစ်ဆေး၍ သက်ဆိုင်ရာဌာနများသို့ လွှဲပြောင်းအပ်နှံခြင်း၊ စနစ်တကျ မီးရှို့ဖောက်ခွဲဖျက်ဆီးခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် သတင်းများ ရရှိပါကလည်း တာဝန်ရှိသူများထံ အချိန်မီ သတင်းပေးပို့ကြရန် လိုအပ်ကြောင်းနှင့် ဖမ်းဆီးရမိ မူးယစ်ဆေးဝါး ဖြစ်စဉ်များတွင် အဓိက ပါဝင်ပတ်သက်လျက်ရှိသည့် မည်သည့်အဖွဲ့အစည်းကိုမဆို ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

ဇန်နဝါရီလ ၁၈ ရက်နေ့ ညနေ ၅ နာရီခန့်တွင် မန်ဖြတ်ကျေးရွာ၏ အနောက်ဘက် ၂၀ ကီလိုမီတာခန့်အကွာ၌ သိမ်းဆည်းရမိခဲ့သည့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့် အဆောက်အအုံများ။





၅ ဂါလန်ပုံး အဖြူ အက်စစ်ပါ ၇၅ ပုံး တွေ့ရှိမှု။



Caustic Soda ဆာလာအိတ် အလုံး ၆၀ တွေ့ရှိမှု။



စတီးပေါင်းအိုး မူးယစ်ဆေးဝါးမွှေစက် တစ်လုံး တွေ့ရှိမှု။

ဇန်နဝါရီ ၁၉ ရက် နံနက် ၉ နာရီခန့်တွင် မိုင်းရယ်မြို့၏ အနောက်တောင်ဘက် ၁၀ ကီလိုမီတာခန့်အကွာ၌ သိမ်းဆည်းရမိခဲ့သည့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြု သည့် ဆက်စပ်ပစ္စည်းများနှင့် အဆောက်အအုံများ။









# မန်းရွှေစက်တော်ဘုရားကြီး၏ (၂၅၉၂)ကြိမ်မြောက် ဗုဒ္ဓပါဒပူဇနိယ ဘုရားပွဲတော်ဖွင့်ပွဲ ကျင်းပ

**မင်းဘူး ဇန်နဝါရီ ၂၂**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော် ဘုရားကြီး၏ (၂၅၉၂)ကြိမ်မြောက် ဗုဒ္ဓပါဒပူဇနိယ ဘုရားပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် ရဲဖြိုးသန့်၊ မကွေးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းသိန်း၊ စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးမြင့်နှင့် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်သူဦးတို့က မန်းရွှေစက်တော်ဘုရား ဗုဒ္ဓပါဒပူဇနိယပွဲတော် ဖွင့်ပွဲ အထိမ်းအမှတ် မင်္ဂလာမုခ်ဦး ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နေပြည်တော် လယ်ဝေးမြို့နယ် နဂါးဖြူစေတီကျောင်းတော်၊ နဂါးတစ်ထောင် စမတောင်ဆရာတော်နှင့် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်တို့က မင်္ဂလာမုခ်ဦး ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တာဝန်ရှိသူများက ဇီဝိတဒါနအဖြစ် နှစ်လက်မအရွယ် ငါးမြစ်ချင်းနှင့် ထိုင်းငါးခုံးမကြီး အကောင်ရေ တစ်သိန်းအား ရွှေစက်တော် မန်းချောင်းအတွင်း လွှတ်ပေးခဲ့သည်။

ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ စကုမြို့ မဟာခမ္မိကာရာမစာသင်တိုက် ဆရာတော် အမှူးပြုသော ပင့်သံဃာဆရာတော်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အောက်စက်တော်ရာ (ခြေတော်ရာ) အလင်းပေါက် ဖန်ဥသျှောင်တော်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ခြင်း၊ အထက်စက်တော်ရာ ပါဒစေတီတော်မြတ် သံတံခါးအား ဖွင့်လှစ်ပေးခြင်းများ ဆောင်ရွက်ကြပြီး ရွှေသင်္ကန်းများ ကပ်လှူပူဇော်ကာ ပင့်ဖိတ်ထားသော ဩဝါဒါစရိယဆရာတော်ကြီးများက ဗုဒ္ဓပါဒစေတီတော် (ခြေတော်ရာ)နှစ်ဆူအား ဗုဒ္ဓါဘိသေက အနေကဇာတင် ဘိသိက်သွန်းတော်မူ၍ တာဝန်ရှိသူများက မန်းရွှေစက်တော်ဘုရားကြီးရှိ အောက်စက်တော်ရာရင်ပြင်တွင် နဂါးစာကျွေးခြင်းနှင့် အဆိုပါရင်ပြင်၌ ဘုရားဖူးညွှေ့လမ်းညွှန် Digital စနစ် တပ်ဆင်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မန်းရွှေစက်တော်ဘုရား သုံးထပ်ဆောင် သာသနဝိမာန်တော်၌ အခမ်းအနားကို ဆက်လက်ကျင်းပရာ မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရားကြီးသည် မြန်မာနိုင်ငံ၏ (က)အဆင့်စာရင်းဝင်ဘုရားကြီးဖြစ်ပြီး မြန်မာနိုင်ငံအတွင်း၌ ထင်ရှားကျော်ကြားကာ ရက်အရှည်ကြာဆုံးသော ဘုရားပွဲတော်ကြီးတစ်ခုဖြစ်ကြောင်း၊ ယခုနှစ် မန်းရွှေစက်တော်ရာ ပါဒစေတီတော် ဗုဒ္ဓပူဇနိယဘုရားပွဲတော်ကြီးကို ဇန်နဝါရီ ၂၂ ရက်မှ ဧပြီ ၁၇ ရက်အထိ မဟာသင်္ကြန်ရုံးပိတ်ရက်အပါအဝင် (တပို့တွဲလဆန်း ၅ ရက်မှ မြန်မာနှစ်ဆန်း ၁ ရက်အထိ) ၈၆ ရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူး ရဟန်းရှင်လူမိဘပြည်သူများ ညအိပ်တည်းခိုနားနေနိုင်စေရန် တည်းခိုဆောင်နှင့် ဈေးဆိုင်ခန်းများကို ဆောက်လုပ်ပေးထားကြောင်း မန်းရွှေစက်တော်ဘုရား ဂေါပကအဖွဲ့ထံမှ သိရသည်။

မောင်မောင်(မင်းဘူး)



# မော်လမြိုင်မြို့ ပညာရေးဒီဂရီကောလိပ်၌ ဥပဒေအသိပညာပေးဟောပြော

**မော်လမြိုင် ဇန်နဝါရီ ၂၂**

မွန်ပြည်နယ် မော်လမြိုင်မြို့ ပညာရေးဒီဂရီကောလိပ် ပညာညီလာခန်းမ၌ ဥပဒေအသိပညာပေး ဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက ကျင်းပရာ မော်လမြိုင်ပညာရေး ဒီဂရီကောလိပ်ရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၈၃၀ ခန့် တက်ရောက်သည်။



အခမ်းအနားတွင် မွန်ပြည်နယ်အစိုးရအဖွဲ့ဝင်၊ ပြည်နယ်ဥပဒေချုပ် ဦးမြင့်အောင်က ဟောပြောရာတွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် နိုင်ငံတော်၏ တာဝန်များကိုထမ်းဆောင်ရာ၌ ဦးတည်ချက် (၄)ရပ် ချမှတ်၍ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဥပဒေပြုခြင်း၊ ဥပဒေအသိရှိစေရန်၊ ဥပဒေကိုလိုက်နာတတ်စေရန် ပြည်သူနှင့်ဥပဒေ၊ ဥပဒေသဘောတရားအကြောင်း သိကောင်းစရာများ (Legal Concept)၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ ရာဇသတ်ကြီး၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ၊ ပြည်သူ့စစ်မှုထမ်းဥပဒေ၊ ဆက်သွယ်ရေးဥပဒေ၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ စသည့် အများပြည်သူ သိရှိမှတ်သား ထားသင့်သည်များကို ဟောပြောသည်။

ထို့နောက် ဟောပြောပွဲသို့ တက်ရောက်လာကြသော ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းကြရာ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပြီး ပြည်နယ်ဥပဒေချုပ်က နိုင်ငံတော်မှ ထုတ်ပြန်ထားသောဥပဒေ ၂၂၅ ခုအား စာကြည့်တိုက်အတွက် ပေးအပ်လှူဒါန်းရာ ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ဆရာမကြီး ဒေါ်မိညိုညိုရှိန်က လက်ခံရယူခဲ့သည်။ **ကိုတွက်(ပြန်/ဆက်)**

# လက်ပံတန်း၌ လူနေမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်

**လက်ပံတန်း ဇန်နဝါရီ ၂၂**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်တွင် စိုက်ပျိုးရေးဦးစီးဌာနနှင့် ကိုရီးယားနိုင်ငံ ရာသီဥတုပြောင်းလဲမှုဗဟိုဌာနတို့ပူးပေါင်း၍ စွမ်းအားမြှင့်မီးဖိုများ ဖြန့်ဖြူးခြင်းစီမံကိန်းဖြင့် လူနေမှုပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကွမ်းခြံကျေးရွာသစ် စီမံကိန်းဖွံ့ဖြိုးရေးလမ်း မြေနီခင်းခြင်းလုပ်ငန်း ဆောင်ရွက်သည်။

အဆိုပါ စွမ်းအားမြှင့်မီးဖိုများဖြန့်ဖြူးခြင်းစီမံကိန်းလုပ်ငန်း ရန်ပုံငွေဖြင့် လမ်းအရှည် ပေ ၂၀၀၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မ လမ်းမြေနီခင်းခြင်းကို ကျေးရွာသူ ရွာသားများ၏ စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**



# အင်းစိန်မြို့နယ်၌ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ရသစာပေစာဖတ်ဝိုင်းပြုလုပ်

**ရန်ကုန် ဇန်နဝါရီ ၂၂**

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(အင်းစိန်)နှင့် မြို့နယ်စာပေဥယျာဉ်အသင်းတို့ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ရသစာပေစာဖတ်ဝိုင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၂၀ ရက်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အငြိမ်းစား) ဦးစီးအရာရှိ ဒေါ်ခင်နှင်းကြည်က အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေသန္တာ၊ အသင်းနာယက ဆရာကြီး ဦးရန်နောင် (ရန်နောင်-ပညာရေး) တို့က အမှာစကားပြောကြားပြီး အသင်းဥက္ကဋ္ဌ၊ စာရေးဆရာ၊ သတင်းစာဆရာ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)က (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ ရသစာပေစာဖတ်ဝိုင်းကို ပြုလုပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် စာပေဝါသနာရှင် စာရေးဆရာ အောင်ငယ်စစ်(အင်းစိန်)က ၁၉၆၆ ခုနှစ်က စာရေးဆရာကြီး နတ်နွယ် ရေးသားထုတ်ဝေခဲ့သည့် မြန်မာပြည်မြောက်ပိုင်းအမည်ရှိ နယ်ချဲ့ဆန့်ကျင်ရေးနောက်ခံပါရှိသော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ရသစာပေဝတ္ထုရှည် (၃)တွဲပေါင်း ဒုတိယအုပ်အကြောင်းကို ဆွေးနွေးဟောပြောကာ တက်ရောက်လာသည့် စာပေဝါသနာရှင်များနှင့် စာရေးဆရာများက မေးမြန်းဆွေးနွေး အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ဥာဏ်လင်း

# ပန်းဘဲတန်းမြို့နယ်၌ အခွန်အသိပညာပေး ဆွေးနွေး

**ရန်ကုန် ဇန်နဝါရီ ၂၂**

ပန်းဘဲတန်းမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ မြို့နယ်အတွင်းရှိ ကျောက်မျက်ရတနာ/ ရွှေလုပ်ငန်းလုပ်ကိုင်သူများနှင့် ဟိုတယ်/တည်းခိုခန်း လုပ်ငန်းလုပ်ကိုင်သူများအား အခွန်အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့က ပြုလုပ်သည်။

ထိုသို့ရှင်းလင်းဆွေးနွေးရာတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူးက အခွန်ကဏ္ဍတစ်ရပ်ချင်းအလိုက် အခွန်ထမ်းမှတ်ပုံတင်ခြင်း၊ အခွန်ကြေညာလွှာတင်သွင်းခြင်း၊ ကြိုတင်ခွန်များပေးဆောင်ခြင်းနှင့် အခွန်စည်းကြပ်ခြင်းဆိုင်ရာသိကောင်းစရာများ၊ ကုန်သွယ်လုပ်ငန်းခွန် ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ရောင်းချခြင်းနှင့် ဒဏ်တပ်ရိုက်မှုဆိုင်ရာ သိကောင်းစရာများကို ဆွေးနွေးဟောပြောခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**



# ကျေးလက်ဒေသအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**တွံတေး ဇန်နဝါရီ ၂၂**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် မရမ်းတပင်ကျေးရွာသို့ ရန်ကုန်တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ ကျေးလက်ဒေသ



အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး စီမံချက်ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ထောက်ပံ့ခြင်းကို ယမန်နေ့က မရမ်းတပင်ကျေးရွာ၌ ပြုလုပ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နှင်းဇာခြည်ဦးနှင့် အဖွဲ့ဝင်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက မရမ်းတပင်ကျေးရွာ အမျိုးသမီးဆယ်အိမ်စုမှူးများနှင့်တွေ့ဆုံ၍ ကျေးလက်ဒေသအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးအတွက် ညှိနှိုင်းဆွေးနွေးခြင်းများ ဆောင်ရွက်ရာ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့က ဆပ်ပြာမှုန့်၊ ဦးထုပ်၊ မျက်နှာသုတ်ပဝါများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မျိုးလှိုင် (တွံတေး)

## မြိတ်မြို့၌ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို အသိပညာပေးဟောပြော

**မြိတ် ဇန်နဝါရီ ၂၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အကြို အသိပညာပေး ဟောပြောပွဲကို ဇန်နဝါရီ ၁၃ ရက်က အထက(ခွဲ) အလက(၁) ကျောင်း၌ ပြုလုပ်သည်။



ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေဇင်ဦးက ပြည်ထောင်စုနေ့ ဖြစ်ပေါ်လာပုံသမိုင်းနှင့် လွတ်လပ်ရေးကို အခွန့်ရှည်တည်တံ့ရေး ကာကွယ်ထိန်းသိမ်းရန်နှင့် ဓာတိသွေးဓာတိမာန်၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး စသည်တို့ကို အသိပညာပေး ပြောကြားသည်။

ထို့နောက် ဒုတိယဦးစီးမှူး ဒေါ်ချိုချိုစန်းက စာပေဖတ်ရှုခြင်းဖြင့်ရရှိသော အကျိုးကျေးဇူး များအကြောင်းကို အသိပညာပေး ပြောကြားသည်။ **ခရိုင်(ပြန်/ဆက်)**



## ချောင်းဆုံမြို့နယ်၌ လူငယ်စကားဝိုင်းကျင်းပ

**ချောင်းဆုံ ဇန်နဝါရီ ၂၂**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီး ဌာနတို့ ပူးပေါင်းကာ လူငယ်စကားဝိုင်း ကို ဇန်နဝါရီ ၁၉ ရက်က ဒရယ် (အထက-ခွဲ) ကျောင်းခန်းမ၌ ကျင်းပသည်။

အဆိုပါ စကားဝိုင်းတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်လှိုင်စန်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မိသူဇာနှင့် မြို့နယ်အားကစားမှူး ဒေါ်သက်ငုံဖူးတို့က ဦးဆောင်ဆွေးနွေးကာ ကျောင်းသား ကျောင်းသူ လေးဦးက “လူငယ်နှင့်ပေါင်းသင်းဆက်ဆံရေး”၊ “လူငယ်နှင့်ကျန်းမာရေး”၊ “အိုဇုန်းလွှာ”နှင့် “ကြိုတင်ပြင်ဆင်” စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးကြပြီး တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများ၏ သိလိုသည်များကို ပြန်လည်ဖြေကြားခြင်းနှင့် အသိပညာပေး နံရံကပ်စာစောင်များ ပြသခဲ့သည်။ **ကိုကျော်(ချောင်းဆုံ)**

## ပခုက္ကူမြို့၌ အခြေခံစက်ချုပ်နည်းပညာသင်တန်းဖွင့်

**ပခုက္ကူ ဇန်နဝါရီ ၂၂**

ပခုက္ကူမြို့ ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်း၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံ စက်ချုပ်နည်းပညာ သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၁၂ ရက်က ကျင်းပရာ ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သန္တာယုက အမှာစကားပြောကြားပြီး သင်တန်းနည်းပြက သင်တန်းသား သင်တန်းသူများ ကိုယ်စား သင်တန်းသူတစ်ဦးအား သင်တန်းသုံး ကုန်ကြမ်းပစ္စည်းများ ပေးအပ်သည်။



အဆိုပါ သင်တန်းတွင် သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ပြီး ဇန်နဝါရီ ၁၂ ရက်မှ ဖေဖော်ဝါရီ ၁၀ ရက်အထိ သင်ကြားပို့ချပေးသွားဖြစ်သည်။ **ဘာမီသာ(ပခုက္ကူ)**

## အလုပ်ခွင်အတွင်း ထိခိုက်သေဆုံးခြင်းအတွက် ကျန်ရစ်သူမိသားစုအား အကျိုးခံစားခွင့်ထုတ်ပေး




**ရန်ကုန် ဇန်နဝါရီ ၂၂**

တွံတေးမြို့နယ် လူမှုဖူလုံရေးရုံးတွင် ပုဇွန်တောင်မြို့နယ်မှ အကျုံးဝင် မှတ်ပုံတင်ထားသည့် VMP ရေခဲနှင့် ငါးလုပ်ငန်းဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အာမခံအလုပ်သမား ဦးထွန်းမြတ် အလုပ်ခွင်အတွင်း ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ထုတ်ပေးခြင်းအခမ်းအနားကို ဇန်နဝါရီ ၂၀ရက်က ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးအဖွဲ့ တိုင်းဒေသကြီးရုံး၌ ပေးအပ်ရာ တိုင်းဒေသကြီး တာဝန်ခံအရာရှိက အာမခံအလုပ်သမား ဦးထွန်းမြတ်၏ အလုပ်ခွင်အတွင်း ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် (ငွေလုံးငွေရင်း)ခွင့်ပြုငွေကျပ် ၁၁၄၀၀၀၀၀ ကို ဇနီးဖြစ်သူ ဒေါ်မာလာအေးထံ ပေးအပ်သည်။**ဇင်မျိုးသူ(ပြန်/ဆက်)**



မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် သန္နေတပ်ဖွဲ့ဝင်များက သာစည်မြို့ အောင်မင်္ဂလာကိုယ်ပိုင် မူလတန်းကျောင်း၌ ဇန်နဝါရီ ၁၅ ရက်က မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်း သရုပ်ပြသစဉ်။ မြို့နယ်(ပြန်/ဆက်)

## မိုးနဲမြို့နယ်၌ ကြိုတင်ဆန္ဒမဲပေးခြင်းဆောင်ရွက်

**မိုးနဲ ဇန်နဝါရီ ၂၂**

ဇန်နဝါရီ ၂၅ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အပိုင်း(၃)တွင် ကြိုတင်ဆန္ဒမဲပေးခြင်းလုပ်ငန်းစဉ်များကို မိုးနဲမြို့နယ်အတွင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများနှင့်စာသင်ကျောင်းများတွင် ဇန်နဝါရီ ၁၅ ရက်မှ စတင်၍ ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၄ ရက်အထိ နေ့စဉ်နံနက် ၈ နာရီမှ ညနေ ၆ နာရီအတွင်း သက်ဆိုင်ရာမဲရုံများတွင် ဆန္ဒမဲပေးနိုင်ကြောင်း သိရသည်။ **မျိုးညွန့်ရွှေ(မိုးနဲ)**





မိတ္ထီလာမြို့နယ်၌ ရန်ကုန်-မန္တလေးကားလမ်းဟောင်း မိတ္ထီလာမြို့တွင်း လမ်းပိုင်းဝဲယာရှိကားလမ်းဘေး ပလက်ဖောင်းပေါ်တွင်ကျရောက်နေသည့် သစ်ပင်အကိုင်းအခက်များနှင့် လမ်းဘေးရှိချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းကို ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်း၍ ဇန်နဝါရီ ၁၅ ရက်က ဆောင်ရွက်စဉ်။ သိန်းမြင့်ကျော်(မိတ္ထီလာ)

## မူလတန်းကြိုအဆင့် သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်



**ပုလော ဇန်နဝါရီ ၂၂**

မူလတန်းကြိုအဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်ပွဲကို ဇန်နဝါရီ ၁၆ ရက်က ပုလောမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း နဝရတ်ခန်းမ၌ ကျင်းပရာ မူလတန်းကြို ကျောင်းသား ကျောင်းသူများက တေးသီချင်းများဖြင့် ကပြဖျော်ဖြေခဲ့သည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးမြကိုက အမှာစကား ပြောကြားပြီး (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကာယပြိုင်ပွဲများတွင် ဆုရရှိသူများနှင့် မူလတန်းအကြိုအဆင့် သင်ယူပြီးမြောက်သည့် လက်မှတ်များကို ကျောင်းအုပ်ဆရာကြီးနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့သည်။ **အေးအေးမော်(ပုလော)**



ကြို့ပင်ကောက်မြို့နယ်၌ ဇန်နဝါရီ ၂၅ ရက်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူအားလုံး ပါဝင်မဲပေးနိုင်ရေး "ဒို့အတူတူ မဲပေးကြမယ်" ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဇန်နဝါရီ ၁၉ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်စဉ်။ ဇေယျာထွန်း(ကြို့ပင်ကောက်)



မတ္တရာမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်လွင်နှင့် တာဝန်ရှိသူများ ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း အသိပညာပေး ဟောပြောပွဲကို ဇန်နဝါရီ ၁၆ ရက်က အထက(စလွန်ဖြူ)၌ ကျင်းပစဉ်။ ရွှေရာသား



ကျောက်ကြီးမြို့နယ်တွင် ဌာနဆိုင်ရာများပူးပေါင်း၍ မြို့ပေါ်ရပ်ကွက်များနှင့် လူစည်ကားရာနေရာများ၌ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအပိုင်း(၃) အောင်မြင်စွာကျင်းပနိုင်ရေး အသိပေးလိုက်လံနှိုးဆော်ခြင်းကို ဇန်နဝါရီ ၁၉ ရက်က ဆောင်ရွက်စဉ်။မြို့နယ်(ပြန်/ဆက်)

## ပင်စင်လစာထုတ်ယူသည့် အငြိမ်းစားဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှု ကြည့်ရှုအားပေး

**တပ်ကုန်း ဇန်နဝါရီ ၂၂**

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ဇန်နဝါရီ ၂၁ ရက်က မြန်မာ့စီးပွားရေးဘဏ်တွင် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ ပင်စင်လစာ ထုတ်ယူနေမှုနှင့် တပ်ကုန်းခုတင်(၁၀၀)ဆေးရုံမှ အထူးကုဆရာဝန်များက အငြိမ်းစားဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ကြည့်ရှုအားပေးပြီး အငြိမ်းစားဝန်ထမ်းတစ်ဦးလျှင် ပန်းပေါင်းစုံ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ၊ ကြက်ဥငါးလုံးနှင့် ခေါက်ဆွဲခြောက် ငါးထုပ်စီ လှူဒါန်းပေးအပ်ခဲ့ပြီး အထူးကုဆရာဝန်ကြီးနှင့်အဖွဲ့အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့သည်။



ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများက ဗိုလ်မင်းရောင်ရပ်ကွက် မိုဃ်းကောင်းဆုတောင်းပြည့်ဘုရားသို့ သွားရောက်ရှိဖူးမြော်ကြည်ညိုပြီး မိုဃ်းကောင်း ဆုတောင်းပြည့်ဘုရား ပြုပြင်မွမ်းမံနေမှုကိုကြည့်ရှုစစ်ဆေးကာ ဘုရားဂေါပကအဖွဲ့ထံ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့သည်။

**တင်စိုးလွင်(ပြန်/ဆက်)**



## ပန်းတောင်းမြို့နယ်၌ သတ္တမအကြိမ်မြောက် အာဟာရကျွေး

**ပန်းတောင်း ဇန်နဝါရီ ၂၂**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ နိုင်ငံတော်ရန်ပုံငွေဖြင့် သတ္တမအကြိမ်မြောက် အာဟာရကျွေးမွေးခြင်းကို ဇန်နဝါရီ ၂၀ ရက်က အထက (ဥသျှစ်ပင်)ကျောင်း၌ ပြုလုပ်သည်။

အာဟာရကျွေးမွေးလှူဒါန်းပွဲကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလတ်သူသူကျော်နှင့်အဖွဲ့က ကျောင်းသား ကျောင်းသူများ ကျန်းမာကြံ့ခိုင်ပြီး အာဟာရပြည့်ဝစေရန် ရည်ရွယ်၍ အာဟာရပြည့်ဝသော ထမင်းနှင့်ဟင်းများကို KG ကလေးငယ်များအား စနစ်တကျ ကျွေးမွေးခဲ့ကြောင်း သိရသည်။ **လပြည့်လင်း(ပြန်/ဆက်)**

## လောင်းလုံးမြို့နယ်၌ အီလက်ထရောနစ်မဲပေးစက် အသုံးပြုနည်းသင်တန်းဖွင့်

**လောင်းလုံး ဇန်နဝါရီ ၂၂**

လောင်းလုံးမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအပိုင်း(၃)တွင် တာဝန်ကျသည့် မဲရုံမှူး၊ ဒုမဲရုံမှူးများအား အီလက်ထရောနစ်မဲပေးစက် အသုံးပြုနည်း၊ စက်ကိုင်နည်း မွမ်းမံသင်တန်းကို ယမန်နေ့က ထားဝယ်မြို့မြို့တော်ခန်းမ(၂)၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စု



ရွေးကောက်ပွဲကော်မရှင်၊ တိုင်း ထွတ်သိန်းက မွမ်းမံသင်တန်း ဒေသကြီးတာဝန်ခံ ဦးသန်း နှင့် ပတ်သက်၍ အမှာစကား

ပြောကြားပြီး မဲရုံမှူး၊ ဒုမဲရုံမှူးများကို MEVM စက်ကိုင်တွယ်အသုံးပြုနည်းကို တာဝန်ရှိသူများက လက်တွေ့သရုပ်ပြ၊ စမ်းသပ်ဆောင်ရွက်ပေးခဲ့ရာ တက်ရောက်လာကြသည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဆရာ ဆရာမများက မဲပေးပုံအဆင့်ဆင့်ကို လက်တွေ့စမ်းသပ် လေ့ကျင့်ခဲ့ကြသည်။

**သိန်းသိန်း(လောင်းလုံး)**



ကျောက်မဲမြို့၌၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ နိုင်ငံသားအခွင့်အရေးမဆုံးရှုံးဖို့ မဲပေးကြပါစို့ မြေစိုက်ပိုစတာ စိုက်ထူခြင်းကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဆွေဝင်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဇန်နဝါရီ ၂၁ ရက်တွင် ကျောက်မဲမြို့ မြို့ကျက်သရေဆောင်ခန်းမရှေ့၌ စိုက်ထူစဉ်။ ခရိုင်(ပြန်/ဆက်)

## ဓနုဖြူမြို့နယ်၌ စားအုန်းဆီများ သတ်မှတ်ရည်ညွှန်းဈေးနှုန်း၊ အရေအတွက်အတိုင်းရောင်းချခြင်း ရှိ မရှိ ကွင်းဆင်းစစ်ဆေး

**ဓနုဖြူ ဇန်နဝါရီ ၂၂**

ဓနုဖြူမြို့နယ်၌ ဇန်နဝါရီ ၁၉ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်စားအုန်းဆီလက်ကားကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက စားအုန်းဆီများရောင်းချရာတွင် အလေးချိန်မှန်ကန်မှု ရှိ၊ မရှိ၊ ဆီစာအုပ်များဖြင့် စနစ်တကျရောင်းချပေးရေးနှင့် ရရှိသော ဆီပိသာချိန်များအား ပြည်သူများထံ အမှန်တကယ်ရောင်းချမှုရှိ၊ မရှိတို့ကို ကွင်းဆင်းစစ်ဆေးခဲ့သည်။ **အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**





ပခုက္ကူမြို့နယ်၌ ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု (သတ္တမအကြိမ်) အာဟာရကျွေးမွေးခြင်းအဖြစ် ဇန်နဝါရီ ၂၁ ရက်က ပခုက္ကူမြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံအုပ်ကြီး၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများ၊ သက်ဆိုင်ရာကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ မြို့ပေါ်ရှိ အခြေခံပညာကျောင်း ၂၈ ကျောင်းမှ KG ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၂၅၂ ဦးတို့အား အာဟာရဖြည့်စွက်အစားအစာများ ကျွေးမွေးစဉ်။ ဘာမီသာ(ပခုက္ကူ)

## ချမ်းမြသာစည်မြို့နယ်၌ တာဝန်ထမ်းဆောင်မည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးများအား မွမ်းမံသင်တန်းဖွင့်



**ချမ်းမြသာစည် ဇန်နဝါရီ ၂၁**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၃)တွင် တာဝန်ထမ်းဆောင်မည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ မွမ်းမံသင်တန်းကို ဇန်နဝါရီ ၂၁ ရက်က အထက(၁၃)ကျောင်းခွဲ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်သန်းထွန်းက အမှာစကားပြောကြားပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ဝင်းရွှေက မဲရုံမှူး၊ ဒုတိယမဲရုံမှူးများအား မဲရုံကိစ္စရပ်များနှင့်ပတ်သက်သည့် လုပ်ငန်းများကို မှာကြားခဲ့သည်။ **အလင်းသစ်(ပြန်/ဆက်)**



ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၌ မသန်စွမ်းမှုအဆင့် သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများမှတ်ပုံတင်ခြင်း သင်တန်းဖွင့်ပွဲကို ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် စက်မှုဇုန်(၁)၊ ဇုန်စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၂၀ ရက်က ဖွင့်လှစ်စဉ်။ နေမျိုးအောင်

## တောင်ငူမြို့နယ်၌ စားအုန်းဆီများ သတ်မှတ်ဈေးနှုန်း၊ အလေးချိန်၊ သတ်မှတ်ပမာဏမှန်ကန်မှုရှိ မရှိ ကြည့်ရှုစစ်ဆေး

**တောင်ငူ ဇန်နဝါရီ ၂၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာရေးအဖွဲ့၊ ခရိုင်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌတို့ ပူးပေါင်း၍တောင်ငူမြို့ပေါ်ရပ်ကွက်များတွင် ဇန်နဝါရီ ၂၀ ရက်က စားအုန်းဆီရောင်းချနေမှုများအား သတ်မှတ်ဈေးနှုန်း၊ အလေးချိန်၊ သတ်မှတ်ပမာဏ မှန်ကန်မှုရှိ မရှိ ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးမျိုးအောင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကေတုမတီမြို့အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းလတ်နှင့်အဖွဲ့သည် ပြည်သူများအား စားအုန်းဆီဝယ်ယူခွင့်စာအုပ်များဖြင့် ရောင်းချရာတွင် သတ်မှတ်



ဈေးနှုန်း၊ အလေးချိန်၊ သတ်မှတ်ပမာဏ မှန်ကန်မှုရှိ မရှိ မြို့ပေါ်ရပ်ကွက်များရှိ လက်ကား/လက်လီကိုယ်စားလှယ် အရောင်းဆိုင်များသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ **ဇော်ကိုကို(တောင်ငူ)**

## ဒက္ခိဏသီရိမြို့နယ်၌ လူငယ်စကားဝိုင်း ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၂**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ရန်အောင်မြင်တွင် ကျောင်းသား ကျောင်းသူများအနေဖြင့် လူထုအရှေ့၌ ပြောဆိုဆွေးနွေးတတ်သည့် အတွေ့အကြုံများ၊ ရရှိစေရန်နှင့် ကိုယ်ပိုင်အတွေးအမြင်များကို တစ်ဦးနှင့်တစ်ဦးဖလှယ်နိုင်စေရန် ရည်ရွယ်၍ ဟောပြောပွဲနှင့် လူငယ်စကားဝိုင်းကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ချိုက အမှာစကားပြောကြားသည်။ ထို့နောက် လူငယ်စကားဝိုင်းကို ကျင်းပရာ ဒုတိယဦးစီးမှူး ဒေါ်သိဂီအေးက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး ကျောင်းသား ကျောင်းသူများက ခေါင်းစဉ်အသီးသီးဖြင့် ဆွေးနွေးပြောကြားရာ အခမ်းအနားတက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက ဆွေးနွေးချက်များနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းကြရာ လူငယ်စကားဝိုင်းတွင် ပါဝင်သော ကျောင်းသား ကျောင်းသူများက ပြန်လည်ဖြေကြားပေးသည်။ **အောင်သူရဦး(ဒက္ခိဏ)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# စွမ်းအင်ဝန်ကြီးဌာန
# မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
# ကြော်ငြာစာအမှတ်(၁/၂၀၂၆)
# လျှောက်လွှာခေါ်ယူခြင်း

၁။ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးများအတွက် ယှဉ်တွဲဖော်ပြပါ သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသူများသည် ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ ၂၀-၂-၂၀၂၆ ရက်(သောကြာနေ့) (လျှောက်လွှာပိတ်ရက်)မတိုင်မီ ရုံးချိန်အတွင်း လူကိုယ်တိုင်ဖြစ်စေ စာတိုက်မှတစ်ဆင့်ဖြစ်စေ လျှောက်ထားနိုင်ပါသည်-

| စဉ် | ခန့်ထားမည့် ရာထူး | လစာနှုန်း | အနည်းဆုံးပညာအရည်အချင်း | လစ်လပ်နေရာ ကျား | မ | ကျား/မ |
|---|---|---|---|---|---|---|
| (က) | ဘူမိဗေဒလက်ထောက်(၂)<br>(ဘူမိဗေဒ) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.Sc (Geology)<br>(Q/Hons;/DAG) | ၁ | | |
| (ခ) | ဘူမိရူပဗေဒလက်ထောက်(၂) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.E(EC/EP) | ၁ | | |
| (ဂ) | တိုင်းထွာရေး(၂)<br>(ဘူမိရူပဗေဒ) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.Tech(Civil)<br>B.Sc(Geology)+ DAG/<br>B.Sc(Geology)မဟာသိပ္ပံ<br>တန်းတက်ရောက်ရန်အဆင့်မီ | ၂ | | |
| (ဃ) | အငယ်တန်းအင်ဂျင်နီယာ(၂)<br>(တွင်းတူး)(ဘူမိရူပဗေဒ) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.Tech(MP/MT) | ၁ | | |
| (င) | အငယ်တန်းအင်ဂျင်နီယာ(၂)<br>(ထုတ်လုပ်ရေး) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.E(Petroleum/Mech;/EP/EC) | ၁၀ | | ၂ |
| (စ) | အငယ်တန်းအင်ဂျင်နီယာ(၂)<br>(စက်မှု) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.E(Mechanical/Mechatronic) | ၅ | | |
| (ဆ) | အငယ်တန်းအင်ဂျင်နီယာ(၂)<br>(ပိုက်လိုင်း) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.E(Mechanical/ Mechatronic) | ၆ | | |
| (ဇ) | အငယ်တန်းအင်ဂျင်နီယာ(၂)<br>(ဆောက်လုပ်ရေး) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.E(Civil) | | | ၄ |
| (ဈ) | အငယ်တန်းအင်ဂျင်နီယာ(၂)<br>(လျှပ်စစ်) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.E(EP) | | | ၃ |
| (ည) | အငယ်တန်းအင်ဂျင်နီယာ(၂)<br>(ဆက်သွယ်ရေးနှင့်IT) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.E (EC/ IT) | | | ၃ |
| (ဋ) | စာရင်းကိုင်(၂) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.Com/B.Act/B.Econ(Eco)/<br>B.Econ(Stats) | | | ၁ |
| (ဌ) | အငယ်တန်းစာရေး | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ဘွဲ့ရ | ၁၅ | ၃ | ၁၂ |
| (ဍ) | စာရင်းကိုင်(၄)<br>(ဘဏ္ဍာရေး) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ဘွဲ့ရ+ (ဘဏ္ဍာရေးဆိုင်ရာ/<br>ကွန်ပျူတာလက်မှတ်) | | | ၃ |
| (ဎ) | စက်မှုကျွမ်းကျင်(၄)<br>(တူးဖော်ရေး) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | A.GTI | ၁၅ | | |
| (ဏ) | စက်မှုကျွမ်းကျင်(၄)<br>(ထုတ်လုပ်ရေး) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | GTI (Petroleum/<br>Mech;/EP/EC) | ၈ | | ၂ |
| (တ) | စက်မှုကျွမ်းကျင်(၄)<br>(စက်မှု) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | GTI | ၇ | | |
| (ထ) | စက်မှုကျွမ်းကျင်(၄)<br>(ပိုက်လိုင်း) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | A.GTI(Mechanical) | ၆ | | |
| (ဒ) | စက်မှုကျွမ်းကျင်(၄)<br>(ဆောက်လုပ်ရေး) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | A.GTI(Civil) | ၅ | | |
| (ဓ) | လျှပ်စစ်ကျွမ်းကျင်(၄)<br>(လျှပ်စစ်) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | A.GTI(EP) | ၃ | | |
| (န) | စက်မှုကျွမ်းကျင်(၄)<br>(စက်ပြင်) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | A.GTI(MP/MT/CNC) | ၅ | | |
| (ပ) | စက်မှုကျွမ်းကျင်(၄)<br>(ဆက်သွယ်ရေးနှင့်IT) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | A.GTI(EC/IT) | | | ၅ |
| (ဖ) | တိုင်းထွာရေး(၅)<br>(ဘူမိဗေဒ) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | အခြေခံပညာ<br>အထက်တန်းအောင် | ၁ | | |
| (ဗ) | ဓာတ်ခွဲခန်းကျွမ်းကျင်(၅)<br>(သုတေသန) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | အခြေခံပညာ<br>အထက်တန်းအောင် | | | ၁ |
| (ဘ) | အီလက်ထရောနစ်<br>ကျွမ်းကျင်(၅)(ဘူမိရူပဗေဒ) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | THS/ITC/ အခြေခံပညာ<br>အထက်တန်းအောင် | ၂ | | |
| (မ) | လျှပ်စစ်ကျွမ်းကျင်(၅)<br>(ဘူမိရူပဗေဒ) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | THS/ITC/ အခြေခံပညာ<br>အထက်တန်းအောင် | ၂ | | |
| (ယ) | ရေနံကျွမ်းကျင်(၅)<br>(တွင်းတူး)(ဘူမိရူပဗေဒ) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | THS/ITC/ အခြေခံပညာ<br>အထက်တန်းအောင် | ၁ | | |
| (ရ) | စက်မှုကျွမ်းကျင်(၅)<br>(တူးဖော်ရေး) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | THS | ၆ | | |
| (လ) | စက်မောင်း(၅)<br>(ထုတ်လုပ်ရေး) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | THS | ၃ | | |
| (ဝ) | စက်မှုကျွမ်းကျင်(၅)<br>(ပိုက်လိုင်း) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | THS / ITC | ၆ | | |
| (သ) | ဂဟေဆက်(၅)<br>(ပိုက်လိုင်း) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | THS / ITC | ၅ | | |
| (ဟ) | ယာဉ်မောင်း(၅)<br>(ဘူမိရူပဗေဒ/<br>သယ်ပို့စက်ပြင်) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | အခြေခံပညာ<br>အလယ်တန်းအဆင့်+<br>ယာဉ်မောင်း(ခ)လိုင်စင် | ၁၀ | | |
| (ဠ) | စက်မှုကျွမ်းကျင်(၅)<br>(စက်ပြင်) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | THS / ITC | ၃ | | |

၂။ လျှောက်ထားသူများသည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၃၁-၁-၂၀၂၆ နေ့တွင် အသက်(၃၅)နှစ်ထက် မကျော်လွန်သူ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၄၀)နှစ်ထက်မကြီးသူဖြစ်ရမည်။
(ဂ) မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် လက်ရှိတာဝန်ထမ်းဆောင်နေသော နေ့စားဝန်ထမ်းဖြစ်ပါက အသက်(၄၀)နှစ်ထိ ခွင့်ပြုသည်။
(ဃ) ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(င) ကိုယ်လက်အင်္ဂါပြည့်စုံပြီး ကျန်းမာသန်စွမ်းသူဖြစ်ရမည်။
(စ) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

၃။ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရမည်ဖြစ်ပြီး လျှောက်လွှာပုံစံကို စွမ်းအင်ဝန်ကြီးဌာန၏ Website ဖြစ်သော www.energy.gov.mm မှ Download ရယူ၍ လျှောက်ထားနိုင်ပါသည်။ လျှောက်လွှာတွင်ပါရှိသော အချက်အလက်များကို ပြည့်စုံစွာဖြည့်စွက်၍ အောက်ပါအထောက်အထားများ ပူးတွဲပါရှိရမည်-

(က) ပညာအရည်အချင်းလက်မှတ် မိတ္တူမှန်
(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
(ဂ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်လက်မှတ် (သို့မဟုတ်) အခြေခံပညာ အထက်တန်းအောင်လက်မှတ် မိတ္တူမှန်
(ဃ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း ထုတ်ပေးထားသည့် အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်နှင့် ပြစ်မှု ကင်းရှင်းကြောင်း သက်ဆိုင်ရာမြို့နယ်ရဲစခန်း၏ ထောက်ခံချက် မိတ္တူမှန်
(င) ဝန်ထမ်းမဟုတ်ပါက သက်တမ်းရှိသော အလုပ်သမားမှတ်ပုံတင်ကတ်ပြား မိတ္တူ (သို့မဟုတ်) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်း၏ ခွင့်ပြုချက် မူရင်း
(စ) ပြင်ပပုဂ္ဂိုလ်များအနေဖြင့် နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ခြင်းမရှိကြောင်း နှင့် နိုင်ငံ့ဝန်ထမ်းအဖြစ်မှ (ထုတ်ပယ်/ထုတ်ပစ်)ခံရဖူးခြင်းမရှိပါကြောင်း ကိုယ်တိုင်ဝန်ခံချက်မူရင်း
(ဆ) ၃ လအတွင်း ရိုက်ကူးထားသော ကာလာဓာတ်ပုံ ၃ ပုံ (ကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ရေးသားရန်)

မှတ်ချက်။ စာမေးပွဲဖြေဆိုရန် လာရောက်သည့်အချိန်နှင့် လူတွေ့စစ်ဆေးရန် လာရောက်သည့်အချိန်တို့တွင် ပူးတွဲတင်ပြထားသည့် အမှတ်စဉ်(က)မှ (စ)ထိ မိတ္တူမှန်များ၏မူရင်းများကို တင်ပြရပါမည်။

၄။ သတ်မှတ်ထားသည့်စာရွက်စာတမ်းများ မပြည့်စုံလျှင်သော်လည်းကောင်း၊ သတ်မှတ်ရက်ထက် နောက်ကျရောက်ရှိလျှင်သော်လည်းကောင်း လျှောက်လွှာများကို (လုံးဝ)လက်ခံစဉ်းစားမည်မဟုတ်ပါ။

၅။ ရေးဖြေစာမေးပွဲကို ၂၈-၂-၂၀၂၆ ရက်(စနေနေ့)နှင့် ၁-၃-၂၀၂၆ (တနင်္ဂနွေနေ့) နံနက် ၉:၀၀ နာရီမှ ၁၂:၀၀ နာရီထိ နေပြည်တော် အ-ထ-က(၇)တွင် ကျင်းပမည်ဖြစ်ပြီး အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတဘာသာရပ်များကို အောက်ဖော်ပြပါရာထူးအတွက် လျှောက်ထားသူများမှ ဖြေဆိုရမည်ဖြစ်ပါသည်-

(က) လစာနှုန်း ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ တန်း ရာထူးအတွက် လျှောက်ထားသူများသည် ၂၈-၂-၂၀၂၆ (စနေနေ့) နံနက် ၉:၀၀နာရီမှ ၁၂:၀၀နာရီထိ၊
(ခ) လစာနှုန်း ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ တန်း ရာထူးအတွက် လျှောက်ထားသူများသည် ၁-၃-၂၀၂၆ (တနင်္ဂနွေနေ့) နံနက် ၉:၀၀နာရီမှ ၁၂:၀၀နာရီထိ၊

၆။ လစာနှုန်း ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ တန်း ရာထူးအတွက် လျှောက်ထားသူများသည် ရေးဖြေ ဖြေဆိုရန်မလိုဘဲ လူတွေ့စစ်ဆေးခြင်းကို မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် ပြုလုပ်မည်ဖြစ်ပါသည်။

၇။ လျှောက်ထားသူများအနက် သတ်မှတ်ထားသည့် အချက်အလက်များနှင့်ပြည့်စုံသော ဖြေဆိုခွင့်ရရှိသူ အမည်စာရင်းအား ဖော်ပြပါ Website တွင် ကြိုတင်ကြေညာပေးသွားမည်ဖြစ်ပြီး ဖြေဆိုခွင့်ကတ်ပြားများကို ၂၇-၂-၂၀၂၆ ရက်(သောကြာနေ့)၌ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင်ထုတ်ပေးသွားမည်ဖြစ်ရာ လူကိုယ်တိုင် လာရောက်ထုတ်ယူရပါမည်။

၈။ လစာနှုန်း ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ တန်းရာထူးနှင့် လစာနှုန်း ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ တန်းရာထူးအတွက် ရေးဖြေအောင်မြင်သူများစာရင်းနှင့် လူတွေ့ဖြေဆိုရမည့် နေ့ရက်/အချိန်ကိုလည်းကောင်း၊ လစာနှုန်း ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ တန်း ရာထူးအတွက် လူတွေ့ဖြေဆိုရမည့် နေ့ရက်/အချိန်ကိုလည်းကောင်း ဖော်ပြပါ Website တွင် ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပြီး မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လူတွေ့စစ်ဆေးခြင်း ပြုလုပ်မည်ဖြစ်ပါသည်။ ရွေးချယ်ခံရသော အမည်စာရင်းအား စွမ်းအင်ဝန်ကြီးဌာန Website တွင် ကြော်ငြာပေးသွားမည်ဖြစ်ပါသည်။

၉။ ရေးဖြေစာမေးပွဲ လာရောက်ဖြေဆိုရာတွင်သော်လည်းကောင်း၊ လူတွေ့စစ်ဆေးရန် လာရောက်သည့်အခါတွင်လည်းကောင်း မိမိစရိတ်ဖြင့် လာရောက်ကြရမည်ဖြစ်ပါသည်။

၁၀။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ ဖုန်းနံပါတ်- ၀၆၇-၃၄၁၁၀၉၆၊ ၀၆၇-၃၄၁၁၃၃၈၊ ၀၆၇-၃၄၁၁၃၃၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**

စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ လျှောက်လွှာပုံစံ

သို့

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊
စွမ်းအင်ဝန်ကြီးဌာန
ရုံးအမှတ်(၄၄)၊ နေပြည်တော်။

ဓာတ်ပုံ
(၁.၁x၁.၃လက်မ)

စာဖြေဌာန ---------------

၁။ လျှောက်ထားသည့် ရာထူး/အမှတ်စဉ်
(က) ---------------
(ခ) ---------------
(လစာနှုန်းတူ ရာထူး ၂ နေရာလျှောက်ထားနိုင်သည်)

၂။ လျှောက်ထားသူ
(က) အမည် ---------------
(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ---------------
(ဂ) မွေးသက္ကရာဇ်(ရက်၊ လ၊ နှစ်) ---------------
(ခရစ်သက္ကရာဇ်ဖြင့်ဖော်ပြရန်)
(ဃ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ ---------------
(င) ပညာအရည်အချင်း/ခုနှစ် ---------------
(စ) နေရပ်လိပ်စာ အပြည့်အစုံ ---------------
ဖုန်းနံပါတ် ---------------
(ဆ) လက်ရှိအလုပ်အကိုင်(နိုင်ငံ့ဝန်ထမ်းများအတွက်) ---------------
ရာထူး၊ ဌာန၊ လစာနှုန်း ---------------
(ဇ) ဖခင်အမည် ---------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ---------------
အလုပ်အကိုင် ---------------
(ဈ) အမိအမည် ---------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ---------------
အလုပ်အကိုင် ---------------
(ည) အိမ်ထောင်ရှိလျှင် ဇနီး/ခင်ပွန်းအမည် ---------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ---------------
အလုပ်အကိုင် ---------------
(ဋ) လုပ်ကိုင်ခဲ့ဖူးသောအလုပ်အကိုင်များ ---------------
(နုတ်ထွက်ပြောင်းရွှေ့ခဲ့လျှင် အကြောင်းပြချက်ဖော်ပြရန်)

၃။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါစာရွက်စာတမ်း(မိတ္တူ)များ ပူးတွဲတင်ပြပါသည်-
(က) ပညာအရည်အချင်းလက်မှတ် မိတ္တူမှန်
(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
(ဂ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်လက်မှတ်(သို့မဟုတ်) အခြေခံပညာအထက်တန်းအောင်လက်မှတ် မိတ္တူမှန်
(ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်နှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာမြို့နယ်ရဲစခန်း၏ ထောက်ခံချက်မိတ္တူမှန်
(င) ဝန်ထမ်းမဟုတ်ပါက သက်တမ်းရှိသော အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ (သို့မဟုတ်) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်း၏ ခွင့်ပြုချက်မူရင်း
(စ) ၃ လ အတွင်း ရိုက်ကူးထားသော ကာလာဓာတ်ပုံ ၃ ပုံ (ကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)

၄။ အလုပ်ခန့်ထားခြင်းခံရပါက မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့်ချုပ်ဆိုသော အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ပါအတိုင်း လိုက်နာဆောင်ရွက်မည်ဖြစ်ပြီး ဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်ပါသည်။

၅။ အထက်ဖော်ပြပါအချက်အလက်များ မှန်ကန်ကြောင်း ကိုယ်တိုင်ဝန်ခံကတိပြုပါသည်။

လက်မှတ် ---------------
အမည် ---------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ---------------
ဖုန်းနံပါတ် ---------------

## အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့ IBEC ကျောင်း Grade-4 မှ (ဘ) ဦးဝင်းငွေ ၈/ပမန(နိုင်) ၀၉၉၅၄၂ ၏ သမီး မနှင်းဆုဝေ ၏ အမည်မှန်မှာ နှင်းစုဝေ ဖြစ်ပါကြောင်း။ **မနှင်းစုဝေ**

## တစ်ဦးတည်း ဖြစ်ပါကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ ၁၃-လမ်း၊ အိမ်အမှတ်(၇၆၇)နေ (ဘ) ဦးလရှီးလ ၏ သမီးဖြစ်သူ အမည်မှန်မှာ ဒေါ်လရှီးယွန် နှင့် မယု (၉/မရမ(နိုင်)၀၇၁၆၂၀) သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်လရှီးယွန်(ခ)မယု**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၅)၊ (၅)ရပ်ကွက်၊ ရွှေနှင်းဆီ (၁)လမ်း၊ ဗြီအမှတ် (၉)၊ မြေကွက်အမှတ် (၁/ခ ၃၂၁)၊ အကျယ်အဝန်း (၀.၀၅၂)ဧကရှိ ဒေါ်ဆုန်သင်းပါရ် (၄/ဟခန (နိုင်) ၀၂၅၇၆၆)အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးအိဆာက် (ခ) ဦးဇော်ဇော်ဝင်း (၁၂/သဃက (နိုင်) ၀၄၃၄၃၈)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမှုရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L.,**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

**ဒေါ်လင်းလင်းထက်**
**LL.B,**
အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)

**၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၂)၊ သံလွင်လမ်း၊ မြေကွက်အမှတ် (၉၄၂)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဒေါ်အိရတနာထိုက် (၁၃/တကန (နိုင်) ၁၉၇၀၃၆) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးသက်လွင်ဦး (၉/မကန (နိုင်) ၀၇၅၀၂၀) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမှုရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L,**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

**ဦးဇော်ထွန်းအောင်**
**LL.B, D.B.L, D.M.L.,**
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၃၅)

**ဖုန်း-၀၉ ၅၅၀၆၁၄၆၊ ၀၉ ၇၇၇ ၇၁၁ ၃၀၈**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၀-ရပ်ကွက်၊ ဇေယျာ (၁၅)လမ်း၊ အမှတ် (၄၈၉/က) ဟု ခေါ်တွင်သော (အလျားပေ ၂၀ x အနံပေ ၆၀) မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၁)လွှာချင်း (၆)ထပ်တိုက်၏ မြေညီထပ်နှင့် စတုတ္ထထပ်၊ အကျယ်အဝန်း (၁၈ပေ x ၅၄ပေ)ရှိ တိုက်ခန်း (၂)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးဇော်မင်းထွန်း (၁၂/ဥကမ (နိုင်)၂၆၃၀၁၂) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းဝင်းမော် (၁၂/ဥကတ (နိုင်) ၀၁၂၇၉၆) မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ တိုက်ခန်း (၂)ခန်း အပြီးအပိုင်အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းမှုရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
**ဦးစောကျော်စွာထွဋ် (LL.B) တရားလွှတ်တော်ရှေ့နေ**
**အမှတ် (၉/၁၁)၊ ၃၆-လမ်းတို၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၄၀၆၅၅၇၃၈**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၅ယ/၇၄၃၁၁ ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးဇော်ဦး ၃/ဘအန(နိုင်)၂၁၅၀၂၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၄ယ/၄၈၂၀, HONDA WAVE 100, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ညိုဝင်း ၇/ပတတ(နိုင်) ၁၃၃၄၈၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သာယာဝတီ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၂ယ/၂၀၅၄၆, Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းငွေ ၇/လပတ (နိုင်)၀၄၄၁၆၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (သာယာဝတီ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၀ယ/၄၀၆၄၅ ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဆွေ ၆/သရခ(နိုင်)၀၂၄၀၆၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်(၃၂/ပေါင်းလောင်း-၂)၊ ၂၂-လမ်း၊ မြေကွက်အမှတ် (၃၀၀၇)၊ ဧရိယာ(၀. ၁၁၀)ဧကရှိ မြေကွက်သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးတင်ဝင်း အမည်ပေါက်သော (ပါမစ်) မြေကွက်ဖြစ်ပြီး၊ အဆိုပါမြေကွက်နှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိထားပိုင်ဆိုင်သူ ဦးဝင်းအောင်ထွန်း(ဘ)ဦးလှထွန်း ၉/ပမန(နိုင်)၁၅၉၅၄၈ မှ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုပြောဆိုလာပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထား မှုရင်းများပြသကာ ကျွန်ုပ်ထံသို့ ဤသတင်းစာကြော်ငြာပါသည့်ရက်မှ ရက် (၃၀) အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက အဆိုပါမြေကွက် အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
**ဦးပြည့်ဖြိုးအောင်(LL.B) အထက်တန်းရှေ့နေ(စဉ်-၅၄၆၈၆/၂၂)**
**ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်၊ ဖုန်း-၀၉-၄၄၀၀၄၅၇၈၄**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6P/2106, Hyundai, Bus (4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးသွင် ၁၂/သဃက(နိုင်) ၁၉၃၇၈၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး) ရန်ကုန်မြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1M/1693 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

ဒိုက်ဦးမြို့နယ်၊ အိမ်ခြေလေးဆယ်ကျေးရွာအုပ်စု၊ ဦးအောင်မျိုးလင်းမှ ကွင်း/အကွက်အမှတ်နှင့် အမည်-၄၁၅ᵃ၊ ပေါင်းတည်ကွင်း၊ ဦးပိုင်အမှတ်-၄၃/၁၊ မြေကွက်အမှတ်-(-)၊ မြေဧရိယာ(၀.၁၃)ဧကရှိအဆောက်အဦမြေကို မြေငှားဂရန်အသစ်လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ကန့်ကွက်လွှာထည့်သွင်းသည့်နေ့မှ (၁၅)ရက်အတွင်း ဒိုက်ဦးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဦးအောင်မျိုးလင်းမှ မြေငှားဂရန်(အသစ်) လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒိုက်ဦးမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ် (၅၁၄/၁)၊ ဦးပိုင်အမှတ် ၆၁-ည/ ၅၉ လမ်း၊ ၃၁x၃၂ လမ်းကြားရှိ ဒေါ်မော်မော်ကြည် အမည်ပေါက်ဂရန်မြေကွက်အား တရားလို ဒေါ်စီစီလျား ကတရားပြိုင် ဒေါ်မော်မော်ကြည် (၎င်း၏ SP ရရှိသူ ဒေါ်စန်းရင်)အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ချမ်းအေးသာစံမြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ် (၁၁/၂၀၂၅) ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်စီစီလျား ၅/ကသန(နိုင်)၀၇၉၃၁၇ က ဂရန်စာချုပ်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူး ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ် (၀၀-၄၄)၊ ဦးပိုင်အမှတ် ၁-ဆ/B x D လမ်းကြား၊ ၆၃ လမ်းပေါ်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအေးလွင် ၉/မရမ(နိုင်)၀၂၁၀၇၂ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၄၃၀၆/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးခင်မောင်သန်း ၁၃/မဆတ(နိုင်)၀၀၃၉၁၁ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် (ယ-၂)၊ ဦးပိုင်အမှတ် ၂၃/၇၂x၇၃ လမ်းကြား၊ ၁၁၂x၁၁၃ လမ်းကြားရှိ ဗိုလ်ကြီးတင်သန်းဆွေ အမည်ပေါက် ဂရန်မြေကွက်အား တရားလို ဒေါ်စန္ဒာထွေးက တရားပြိုင် ဗိုလ်ကြီးတင်သန်းဆွေအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ် (၁၉၈/၂၀၂၅) ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဒေါ်စန္ဒာထွေး ၉/မကန(နိုင်)၀၈၁၉၆၅ က ဂရန်စာချုပ်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 51W/85836 Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိသက်မှူးခိုင် ၉/ခမစ(နိုင်)၀၂၂၁၄၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/97697 Honda Click 150, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်လွင် ၉/မရတ(နိုင်) ၁၀၇၉၅၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၇ယ/၆၆၅၁၉ Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မိုး ၉/မရတ (နိုင်)၀၀၉၃၀၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် SGG/14925 Honda Super Cub 50 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဆန်းလင်း ၁/မညန(နိုင်) ၁၂၁၉၄၃ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ပြည့်ဖြိုးမြဲစွမ်းအင်နှင့် ရေအားစက်ရုံများဌာနလက်အောက်ရှိ ရဲရွာဓာတ်အားပေးစက်ရုံအတွက် လျှပ်စစ်ပိုင်းဆိုင်ရာ စက်ရုံအတွက် လျှပ်စစ်ပိုင်းဆိုင်ရာ အရန်ပစ္စည်း (၂) မျိုးအား Tender No. 53(T)/EPGE (REHP)/ 2025-2026 (DDP At Site) မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ ခေါ်ဆိုဝယ်ယူလိုပါသည်။

၂။ ခေါ်ဆိုမည့်တင်ဒါများ၏ နည်းပညာစံချိန်စံညွှန်း အဆိုပြုလွှာ (Technical Proposal) စာအိတ်(က)နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal) စာအိတ်(ခ)တို့အား သီးခြားစီချိပ်ပိတ်၍ တင်ဒါပိတ်ရက်၏ (၁၃:၀၀) နာရီ နောက်ဆုံးထား၍ (**လူကိုယ်တိုင်**) လာရောက်တင်သွင်းရမည်။

| | | | |
|---|---|---|---|
| ၃။ | **တင်ဒါစတင်ရောင်းချမည့်ရက်** | - | ၂၂-၁-၂၀၂၆ရက်မှ ၃-၂-၂၀၂၆ရက်အထိ |
| ၄။ | **တင်ဒါရောင်းချမည့်အချိန်** | - | (၁၀:၀၀) နာရီမှ (၁၆:၀၀)နာရီအထိ |
| ၅။ | **တင်ဒါပိတ်ရက်နှင့် အချိန်** | - | ၄-၂-၂၀၂၆ရက်နေ့၊ (၁၃:၀၀)နာရီ |
| ၆။ | **တင်ဒါရောင်းချမည့်နေရာ/ လက်ခံမည့်နေရာ** | - | လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ပစ္စည်းဖြည့်တင်းရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော် |

၇။ တင်ဒါပုံစံအား ဝန်ကြီးဌာန Web-Portal (www.moep.gov.mm) တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖုန်း-၀၉-၄၄၈၅၃၃၈၉၄၊ ၀၉-၄၂၅၃၀၄၆၄၇**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် (ယ-၂)၊ ဦးပိုင်အမှတ် ၂၂/ ၇၂x၇၃ လမ်းကြား၊ ၁၁၂x၁၁၃ လမ်းကြားရှိ ဗိုလ်အောင်အောင်တိုး အမည်ပေါက်ဂရန်မြေကွက်အား တရားလို ဒေါ်စန္ဒာထွေးက တရားပြိုင် ဗိုလ်အောင်အောင်တိုးအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ် (၁၉၇/၂၀၂၅) ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဒေါ်စန္ဒာထွေး ၉/မကန(နိုင်) ၀၈၁၉၆၅ က ဂရန်စာချုပ်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် (မ-၇၃/၁)၊ ဦးပိုင်အမှတ် ၈၈/၃၆ x ၃၇ လမ်းကြား၊ ၅၇ x ၅၈ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်အေးအေးမြိုင် ၅/အတန(နိုင်)၀၇၀၃၈၈ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက်၊ အကွက်အမှတ် (၁၅၂)၊ ဦးပိုင်အမှတ် ၃၆/လမ်း ၂၀၊ ၈၂ x ၈၃ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးစိုင်းထွန်း ၁၃/တယန(နိုင်)၀၁၅၅၇၂ က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ် (၁၁)၊ ဦးပိုင်အမှတ် ၁၃ ခဲစင်းတောင်ခြမ်း/ ၁၅ x ၁၆ လမ်းကြား၊ ၆၂ x ၆၃ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မူမူအေး၊ ဒေါ်အမာကြည်၊ ဒေါ်မြသန္တာဦးတို့ ၃ ဦးအနက် ဒေါ်မူမူအေး ၉/မနမ(နိုင်) ၀၅၇၁၇၄၊ ဒေါ်မြသန္တာဦး ၉/မသန(နိုင်)၀၀၆၅၀၇ တို့ထံမှ စွန့်လွှတ်စာချုပ်အမှတ် (၂၉၂၅/၂၀၂၄) ဖြင့် ပိုင်ဆိုင်ခဲ့သူ ဒေါ်အမာကြည် ၉/မနမ(နိုင်)၀၆၄၅၅၆ က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်၊ အကွက်အမှတ် (၁၈၁)၊ ဦးပိုင်အမှတ် ၃၃-က/၂၃x၂၅ လမ်းကြား၊ ၈၆x၈၇ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်လင်းလင်းနိုင် ၉/အမဇ(နိုင်)၀၄၃၃၄၈၊ ဒေါ်သီရိစန္ဒာ ၉/အမဇ(နိုင်)၀၉၁၂၃၃ တို့က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## မိဘအမည်မှန်

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ (အမက) မရမ်းကျောင်း (Grade-3) တွင် ပညာသင်ကြားနေသော မဇင်မေမိုး၏ မိဘအမည်မှန်မှာ ဦးအောင်ရှိန်းဇော်ဦး ၁၂/ကမန(နိုင်)၁၄၀၂၆၇၊ ဒေါ်မေမြင့်သူ ၁၀/ခဆန(နိုင်)၁၈၇၈၇၂ ဖြစ်ပါကြောင်း။

**ဦးအောင်ရှိန်းဇော်ဦး၊ ဒေါ်မေမြင့်သူ**

## မိခင်အမည်မှန်

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အထက (ရွှေကုက္ကိုလ်) Grade-11 မှ စောဇော်ထွန်းဦး၏ မိခင်အမည်မှန်မှာ နန်းဖေါင်လောင်အဲ ဖြစ်ပါကြောင်း။

**နန်းဖေါင်လောင်အဲ**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့၊ အမှတ် (၄) ရပ်ကွက်၊ အကွက်အမှတ်(၇/ရွှေမြင်းဝန်အကွက်)၊ ဦးပိုင်အမှတ်( ၂-၃/၂ )၊ ဧရိယာ(၀.၀၈၇)ဧကရှိ မြေကွက်သည် ဒေါ်ကြည်ဝေအမည်ဖြင့် နှစ်(၃၀)မြေငှား ဂရန် ရရှိထားပါသည်။ ဂရန်အမည်ပေါက်သူ ဒေါ်ကြည်ဝေထံမှ (၀ဒသမ၀၈၇)ဧက အနက်မှ (၀ဒသမ၀၄၃)ဧကကို ဒေါ်ခင်အေးမာ ၁၂/ကမရ(နိုင်)၀၄၂၅၂၄ က (၂၀-၆-၂၀၀၅)ရက်စွဲပါစာချုပ်အမှတ် (၅၄/၂၀၀၅)ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးပိုင်ခွဲစိတ်/မြေငှားဂရန်ခွဲစိတ်အမည်ပြောင်း/သက်တမ်းတိုး လျှောက်ထားလာမှုအပေါ် ကန့်ကွက်တင်ပြလိုသူ မည်သူမဆို ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ကော်လီတွော်အရာရှိ**

**မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်အသိပေးကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေကွက်အမှတ် (၂၅၇၄) ဧရိယာ(၀.၀၈၂)ဧက အကျယ်အဝန်းရှိ မြေကွက်သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့/မြေဌာနတွင် ဦးသန်းလွင် (၉/ပမန(နိုင်)၁၁၅၁၃၆) အမည်ဖြင့်မှတ်သားတည်ရှိသောမြေကွက်ဖြစ်ပြီး ဆက်စပ်စာချုပ်ဖြင့် လက်ရောက် ပိုင်ဆိုင်ထားရှိသည့် ဒေါ်ပေရယ်ဆန်းဦး (၁၀/ရမန(နိုင်)၁၁၆၁၄၄) ထံမှ ကျွန်ုပ်၏ မိတ်ဆွေဒေါ်ဖြိုးဟေမာက အပိုင်ဝယ်ယူရန် ရောင်းကြေးငွေ တချို့အား စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ရာ အဆိုပါမြေကွက်နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေလင်းထွန်း (LL.B,D.BL)**
**အထက်တန်းရှေ့နေ (စဉ်-၄၅၁၃၉)**
**အမှတ် (၂၆၇)၊ သပြေကုန်းရပ်ကွက်၊ ဇမ္ဗူသီရိမြို့၊ ဖုန်း-၀၉-၉၅၆၄၁၁၄၁၁**

## သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ (၃) ရပ်ကွက်၊ ဗိုလ်ဇင်ယော်လမ်း၊ အမှတ် (ထ/၇၄) နေ ဦးတိုးသူရ + ဒေါ်မြမြဦး တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။ ဦးတိုးသူရ + ဒေါ်မြမြဦး တို့၏သားဖြစ်သူ မောင်ကောင်းဆက်တိုး (Grade-XII) ၁၂/သလန (နိုင်)၁၈၆၁၉၁ သည် မိဘတို့၏ ဆိုဆုံးမမှုကို နားမထောင်သည့်အပြင် သားသမီး ကျင့်ဝတ်များကို အကြိမ်ကြိမ်ဖောက်ဖျက်ပြီး မိဘများ စိတ်ဆင်းရဲသောက ရောက်စေသည့် ကိစ္စရပ်များကို ပြုလုပ်ကာ ၎င်း၏သဘောဆန္ဒအတိုင်း မိဘတို့၏နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အပြီးပိုင် စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမဆို ကျွန်ုပ်မိတ်ဆွေတို့မှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတိုးသူရ ၁၂/သလန(နိုင်)၀၆၉၂၆၀ + ဒေါ်မြမြဦး တို့၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပြုံးမာလွင် (LL.B) အထက်တန်းရှေ့နေ (စဉ် -၄၇၅၃၀)**
**အမှတ် (၇၃)၊ ဗိုလ်ဇင်ယော်လမ်း၊ အောင်ချမ်းသာ (၃) ရပ်ကွက်၊**
**သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၅၀၈၄၆၆၁၁**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7P/8810, Hyundai, Bus 4x2(L) ယာဉ်လက်ဝယ်ရှိသူ ဦးလှမြင့်ဦး ၁၂/သကတ(နိုင်)၁၃၂၆၂၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ**
**(ရွာသာကြီး) ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 57W/02048, Honda Dream 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းသိန်းစိုး ၁၄/သပန(နိုင်)၀၈၉၄၇၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ဖောင်းကြွနံပါတ်ပြား လျှောက်ထားခြင်း

ယာဉ်အမှတ် 6W/88735, Kenbo 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစပြည့်ဖြိုးလင်း ၁၄/အမန(နိုင်)၁၁၃၂၆၆ မှ ဖောင်းကြွနံပါတ်ပြား ပျောက် လာရောက်လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/30247, Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုလတ် ၁၄/လပတ(နိုင်)၀၀၂၅၄၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကတ္တရာအိတ်ဖွင့်တင်ဒါ အမှတ်စဉ် (၃) ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အတွင်းရှိ ကျိုင်းတုံခရိုင်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု/ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သော (၈၀/၁၀၀) ကတ္တရာကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ကြေညာ အပ်ပါသည်။

| | | | |
|---|---|---|---|
| (က) | **တင်ဒါပုံစံရောင်းချမည့်ရက်** | - | ၂၂-၁-၂၀၂၆ ရက်မှ ၄-၂-၂၀၂၆ ရက်အထိ (ရုံးချိန်အတွင်း) |
| (ခ) | **တင်ဒါပုံစံရောင်းချမည့်နေရာ** | - | ညွှန်ကြားရေးမှူး (မြို့ပြ) ရုံး၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့ |
| (ဂ) | **တင်ဒါလျှောက်လွှာပိတ်မည့် ရက်/ အချိန်** | - | ၅-၂-၂၀၂၆ ရက်၊ ၁၆:၀၀ နာရီ |
| (ဃ) | **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** | - | ၆-၂-၂၀၂၆ ရက်၊ နံနက် ၁၀:၀၀ နာရီ |
| (င) | **တင်ဒါဖွင့်လှစ်မည့်နေရာ** | - | ညွှန်ကြားရေးမှူး (မြို့ပြ) ရုံး၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့ |

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကျိုင်းတုံမြို့သို့ ရုံးချိန်အတွင်း ဖုန်း-၀၈၄-၂၀၂၃၁၇၀ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ် ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲလျက်ရှိသော လမ်းသစ်ပြည်သူ့အငှားအိမ်ရာ၊ တိုက်အမှတ်(A)၊ အခန်းအမှတ် (1401)တွင် အိမ်ခန်းငှားရမ်းခွင့်ရရှိသူ ဒေါ်တင်ရွှေ ၁၂/လမတ (နိုင်)၀၁၄၁၂၉ မှာ ၃-၄-၂၀၂၅ ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် အမည်ပြောင်းလဲငှားရမ်းနေထိုင်ခွင့်ပြုပါရန် ဒေါ်ဌေးဌေးညွန့် ၁၂/လသန(နိုင်)၀၁၁၂၅၂မှ အထောက်အထားစာရွက်စာတမ်းများနှင့်တကွ တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားတင်ပြပြီး ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရန်ကုန်တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ သန္တာ (၁၂) လမ်း၊ အမှတ် (၁၅၂)ဟု ခေါ်တွင်သော မြေအကျယ် ပေ(၂၀x၆၀) ပေါ်တွင် ဆောက်လုပ်ထားသော (၁) ခန်းတွဲ ခြောက်ထပ်တိုက်မှ ဒုတိယထပ် (သုံးလွှာ) (၁၈ပေx၅၂ပေ) အကျယ်ရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းပေါ်ရှိ တပ်ဆင်ထားသော ရေ၊ မီးမီ တာအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဇင်မာအောင် ၁၂/ဥကမ(နိုင်) ၁၈၂၄၈၆ မှ အပြီးအပိုင်ဝယ်ယူထားပြီး ဖြစ်ပါသည်။သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ တိုက်ခန်းအား ဒေါ်ဇင်မာအောင်၏ ခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့်စီမံခန့်ခွဲခြင်း၊ လွှဲပြောင်းခြင်းများ မပြုလုပ်ပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဇင်မာအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်ယဉ်လှိုင်ကျော် (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၉၇၆)**
**အမှတ် (၂၁၂)၊ ပိတောက်လမ်း၊ မြို့သစ် (ဂ) ရပ်ကွက်၊ အင်းစိန်မြို့နယ်၊**
**ဖုန်း-၀၉၄၂ ၁၀၇၈၀၉၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၇)၊ မဟော်သဓာလမ်းနှင့် သမာဓိလမ်းထောင့်၊ မြေကွက်အမှတ် (၈၃၃/က)၊ အလျား ပေ၂၀ x အနံ ပေ ၆၀ ရှိ နှစ် (၆၀) ဂရန်မြေအမျိုးအစား အမည်ပေါက် ဒေါ်ကြိုင်သဇင်သောင်း (ဘ)ဦးသောင်း (၁၂/လမတ(နိုင်)၀၂၅၂၆၆) ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံး ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသော ဒေါ်ကြိုင်သဇင်သောင်း ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုပါက (၁၄) ရက်အတွင်း လူကိုယ်တိုင် ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့် ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာမြင့်ဝင်း (LL.B,DBL,DML,DIL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၃၈)**
**ဖုန်း-၀၉-၂၅၀၅၂၈၆၁၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၇)၊ မဟော်သဓာလမ်း၊ မြေကွက်အမှတ် (၈၃၃/ခ)၊ အလျား ပေ၂၀ x အနံ ပေ ၆၀ ရှိ နှစ်(၆၀) ဂရန်မြေအမျိုးအစား အမည်ပေါက် ဒေါ်ကြိုင်သဇင်သောင်း (ဘ) ဦးသောင်း ၁၂/လမတ(နိုင်)၀၂၅၂၆၆ ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသော ဒေါ်ကြိုင်သဇင်သောင်း ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုပါက (၁၄)ရက်အတွင်း လူကိုယ်တိုင် ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာမြင့်ဝင်း (LL.B,DBL,DML,DIL)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၄၃၈)**
**ဖုန်း-၀၉-၂၅၀၅၂၈၆၁၆**

## အမွေဆက်ခံရန် သက်သေခံလက်မှတ် လျှောက်ထားကြောင်း အကြောင်းကြားစာ

**( အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၃၇၃ )**
**မဟာအောင်မြေခရိုင်တရားရုံးတော်**
**၂၀၂၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၂**
**ကွယ်လွန်သူဦးဖေသိန်း(စာရေးဆရာရွှေဥဒေါင်း)၏ ကျန်ရစ်သော ပစ္စည်းအကြောင်း။**

ဒေါ်မြင့်မြင့်သန်း(ဘ)ဦးအောင်ခ **လျှောက်ထားသူ**
၅/ထခန(နိုင်)၀၁၉၆၄၁
မမ-၂၈၊ တိုက်-၂၄၊ မြရည်နန္ဒာအိမ်ရာ၊
ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။

